# မန္တလေးနေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၇၇)၊ ၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်၊ ၁၅-၂-၂၀၂၆၊ တနင်္ဂနွေနေ့။


### မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၆ ခုနှစ် မြင်းနှစ် တရုတ်နှစ်သစ်ကူးပွဲတော်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

## မြန်မာနှင့်တရုတ် နိုင်ငံနှစ်ခုလုံး၏ ပြည်သူလူထုအကျိုးစီးပွားအတွက် ယခုထက်ပိုမိုပြီး တိုးတက်မှု၊ အောင်မြင်မှုများရရှိအောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

၂၀၂၆ ခုနှစ် မြင်းနှစ် တရုတ်နှစ်သစ်ကူးပွဲတော် အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့ တက်ရောက်ချီးမြှင့်သည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia နှင့် တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများ၊ တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၆ ခုနှစ် မြင်းနှစ် တရုတ်နှစ်သစ်ကူးပွဲတော်ဖွင့်ပွဲအခမ်းအနား ကျင်းပမည့်နေရာသို့ ရောက်ရှိကြသည်။

စာမျက်နှာ ၃ သို့ ★



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တရုတ်ရိုးရာခြင်္သေ့အရုပ်အား တရုတ်ထုံးတမ်းစဉ်လာများနှင့်အညီ ဂုဏ်ပြုဆေးခြယ်သပေးစဉ်။

## ယနေ့ ဖတ်စရာအညွှန်း


အူဘာမီကာနီ ဘိုင်ယန်မြူးနစ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

စာမျက်နှာ ၁၁

— — — — — —

ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ပြည်တွင်းခရီးသွားဧည့်သည် လာရောက်မှုများဖြင့် စည်ကား

စာမျက်နှာ ၁၂

— — — — — —

မိသားစုတန်ဖိုးများ၏ အရေးပါမှုနှင့် ပြိုင်ဆိုင်မှုများသော လူ့အဖွဲ့အစည်း (ဆောင်းပါး)

စာမျက်နှာ ၁၄


## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်၊ တနင်္ဂနွေနေ့။

မန္တလေး

# ရှေ့ဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး ဆောင်ရွက်ပေးလျက်ရှိ

ရှေ့ဦးအရွယ် ကလေးသူငယ်ကာလသည် ကိုယ်ဝန်ဆောင်စဉ်မှ အသက်ရှစ်နှစ်အရွယ်အထိပါဝင်ပြီး လူသားဖွံ့ဖြိုးမှု၏ အစောပိုင်းကာလများဖြစ်သောကြောင့် ကလေးသူငယ်များအား မှန်ကန်သော ပြုစုပျိုးထောင်မှု စနစ်တကျဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကိုယ်ဝန်ဆောင်ကာလမှ ကလေးအသက် နှစ်နှစ်အထိ ရက် ၁၀၀၀ အတွင်း အာဟာရထောက်ပံ့မှုများ၊ မူကြိုပညာရေးနှင့် မိဘအသိပညာပေးအစီအစဉ်များ၊ မူလတန်းကြိုဆရာမများအတွက် စွမ်းရည်မြှင့်သင်တန်းများ၊ ရပ်ရွာအခြေပြု မိခင်ဝိုင်းအစီအစဉ်များကို နှစ်စဉ်ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်လျက်ရှိပါကြောင်း ရှေ့ဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းတွင် ဝန်ကြီးဌာန၌ ကျင်းပသည့် ရှေ့ဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီအစည်းအဝေး၌ ပြောကြားခဲ့သည်။

မူကြိုကျောင်း တက်ရောက်မှုမရှိခဲ့ဘဲ KG နှင့် Grade -1 တို့ တွင် တက်ရောက်သည့် ကလေးငယ်များအား ပညာသင်ကြားရေးကို အထောက်အကူပြုစေမည့် အသက်အရွယ်နှင့် ကိုက်ညီသည့် သင်ကြားမှုစနစ်ကို ဆောင်ရွက်ပေးရန်စီစဉ်လျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် မူလတန်း ဆရာ၊ ဆရာမများအား ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ သက်ဆိုင်ရာသင်တန်းများသင်ကြားပေးခြင်းဖြင့် KG နှင့် Grade-1 တို့တွင် ပညာသင်ကြားလျက်ရှိသည့် ကလေးငယ်များ၏ သင်ကြားသင်ယူမှုများ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း လမ်းညွှန်မှာကြားထားရှိပါသဖြင့် ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ မူလတန်း ဆရာ၊ ဆရာမများအတွက် ရှေ့ဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ နည်းစနစ်များနှင့်အညီ သင်ကြားနိုင်ရေး ဆရာဖြစ်သင်တန်းလေးကြိမ်ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီမှ ဧပြီအတွင်း ဖွင့်လှစ်လျက်ရှိပြီး ဆင့်ပွားသင်တန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားသည်။

ကော်မတီဝင်များနှင့် တာဝန်ရှိသူများက ရှေ့ဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကဏ္ဍနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးခြင်း၊ ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များအပေါ် ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးရန်လိုအပ်ပြီး ရှေ့ဦးအရွယ်ပြုစုပျိုးထောင်မှုရရှိခြင်းဖြင့် အသက်လွန်မှ မူလတန်းကျောင်းဝင်မှု၊ အချိန်မတိုင်မီကျောင်းထွက်နှုန်းမြင့်မားမှုစသည့် ပညာရေးစွမ်းဆောင်ရည် လိုအပ်ချက်များကို လျှော့ချပေးနိုင်မည်ဖြစ်သည်။ တိုင်းရင်းသားဒေသများတွင်လည်း ရှေ့ဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနည်းလမ်းများ ရောက်ရှိစေရန်အတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## နွေသီးနှံ မျိုးစေ့များပေးအပ်ခြင်းနှင့် ရေဆင်း(၁)စပ်မျိုးနေကြာမျိုးစေ့ထုတ်လုပ်ငန်း ကွင်းသရုပ်ပြပွဲ ကျင်းပ

**ပျော်ဘွယ် ဖေဖော်ဝါရီ ၁၄**

ပျော်ဘွယ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၆ ခုနှစ်၊ နွေသီးနှံများအတွက် မျိုးစေ့များပေးအပ်ခြင်းနှင့် ရေဆင်း(၁)စပ်မျိုးနေကြာမျိုးစေ့ထုတ်လုပ်ငန်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက် ၉ နာရီက ချောင်းမကြီး မျိုးသန့်ခြံတွင် ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထိန်က လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှု အခြေအနေများကိုလည်းကောင်း၊ ချောင်းမကြီးမျိုးသန့်ခြံ ဦးစီးမှူးက ရေဆင်း(၁)စပ်မျိုးနေကြာမျိုးစေ့ထုတ်လုပ်ငန်းနှင့် တောင်သူများနေကြာသီးနှံစိုက်ပျိုးရာတွင် သိရှိထားရမည့်အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းထိန် က ဆင်းရွှေကြာ(၂) မျိုးစေ့များကို လည်းကောင်း၊ ရမည်းသင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်က ရွှေတောင်(၁၀)ဝါမျိုးစေ့များကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရမည်းသင်းခရိုင်ဦးစီးမှူး ဦးအောင်မျိုးဝေက မနောသုခမျိုးစပါးများကိုလည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအာကာစိုးက သဘာဝမြေဩဇာများကိုလည်းကောင်း ပေးအပ်ကြရာ တောင်သူများက လက်ခံရယူကြသည်။

ထို့နောက် ချောင်းမကြီး မျိုးသန့်ခြံတွင် စိုက်ပျိုးထားသည့် ရေဆင်း(၁)စပ်မျိုးနေကြာမျိုးစေ့ထုတ်စိုက်ခင်းအား နွေသီးနှံစိုက်ပျိုးကြမည့်တောင်သူများ၊ နေကြာသီးနှံစိုက်ပျိုးလျက်ရှိသည့် တောင်သူ ၈၀ ဦးခန့်က စိုက်ခင်းအတွင်း လေ့လာကြည့်ရှုကြပြီး သိရှိလိုသည်များကိုမေးမြန်းကြရာ တိုင်းဒေသကြီးဦးစီးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးငြိမ်းဇော်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

၀-၀-၀-၀-၀

၀-၀-၀

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက ပြင်ဦးလွင်မြို့၊ မိုးကြိုးကွက်သစ်၊ ဇေယျာသီရိခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပြင်ဦးလွင်မြို့၊ မိုးကြိုးကွက်သစ်မှ တာဝန်ရှိသူတစ်ဦးက အဖွင့်အမှာစကား ပြောကြားပြီး အမှတ် (၉၄)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးခင်မောင်မြင့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အကြောင်းအရာများနှင့် ဆောင်ရန်၊ ရှောင်ရန်များကို အသိပညာပေးဟောပြောခဲ့သည်။ ဆက်လက်၍ တပ်ကြပ်ကြီး အေးစိုး(ဇင်ယော်)က "လမ်းမများပေါ်မှ အသံထွက်လူသတ်သမားများ" ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။ အဆိုပါ ဟောပြောပွဲသို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ တာဝန်ရှိသူများ၊ ပြင်ဦးလွင်မြို့၊ မိုးကြိုးကွက်သစ်မှ ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သွေးသွေး(ခရိုင်ပြန်/ဆက်)**

## (၂၂)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲတွင် တေးသီချင်းများ၊ သရုပ်ဖော်အကများဖြင့် ဖျော်ဖြေပေးလျက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၁၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ(၂၂)ကြိမ်မြောက်မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲအခမ်းအနားကို မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ် မြမာလာဥယျာဉ်တွင် ကျင်းပလျက်ရှိပြီး ပြပွဲသို့လာရောက်လည်ပတ်ကြသော ဧည့်ပရိသတ်များအား နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိတစ်ကြိမ်၊ ညနေ ၃ နာရီမှ ၆ နာရီအထိတစ်ကြိမ် တေးသီချင်းများ၊ သရုပ်ဖော် အကများဖြင့် ဧည့်ခံဖျော်ဖြေလျက်ရှိသည်။

ဧည့်ခံဖျော်ဖြေရာတွင် တိမ်ပန်းချီတေးဂီတအဖွဲ့နှင့် နံနက်ပိုင်းတွင် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ အဆောက်အအုံနှင့် ကုန်ရုံဌာနနှင့် လမ်းတံတားဌာန ဝန်ထမ်းများ၏ အကအလှများ၊ တေးသံသာများဖြင့်လည်းကောင်း၊ ညနေပိုင်းတွင် ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနဝန်ထမ်းများ၏ အကအလှများ၊ စစ်ဆေးရေးဌာန ဝန်ထမ်းများ၏ အကအလှများ၊ တေးသံသာများဖြင့် လည်းကောင်း၊ တိမ်ပန်းချီတေးဂီတအဖွဲ့၏ ဖျော်ဖြေမှုနှင့် DJ Music တို့ဖြင့် ဧည့်ခံဖျော်ဖြေပေးခဲ့ကြောင်း သိရသည်။

"ကလေးများအတွက်လည်း ဆော့ကစားဖို့ ကစားကွင်းပုံစံတွေလည်းစုံတယ်၊ အပန်းဖြေဖို့ အလှပန်းမျိုးစုံ၊ သစ်သီးဝလံစိုက်ခင်းများ၊ စိုက်ခင်းထဲမှာလည်း တိရစ္ဆာန်အရုပ်တွေကို ထားပေးတဲ့အတွက် ကလေးတွေလည်း ဆော့လို့ရသလို၊ လူငယ်လူရွယ်တွေအတွက်လည်း အလှဓာတ်ပုံရိုက်လို့ရပါတယ်၊ အဲဒါကြောင့် ကလေးတွေရော ကျွန်မတို့ကိုယ်တိုင်ရော အပန်းဖြေဖို့အတွက် လာရောက်လည်ပတ်တာဖြစ်ပါတယ်"ဟု လာရောက်လည်ပတ်သူ ဒေါ်စန်းမြင့်အေးကပြောသည်။

ယနေ့တွင် ဖေဖော်ဝါရီ ၁၄ရက် ချစ်သူများနေ့ဖြစ်သောကြောင့် လူငယ်လူရွယ်အများအပြားလာရောက်လည်ပတ်ကြပြီး ယခင်နေ့များထက်ပိုမိုစည်ကားခဲ့ကြောင်း၊ ပြပွဲ၊ ပြိုင်ပွဲတွင် လာရောက်လည်ပတ်သူများ ပျော်ရွှင်စွာဆော့စကားနိုင်ရန် ကလေးကစားစရာများ၊ လူငယ်လူရွယ်အတွက် အပျော်စီးရွက်လှေများ ထားရှိပေးထားသည့်အပြင် လည်ပတ်ပြီးနောက် အစားအသောက်များကို စားသုံးနိုင်ရန်အတွက် စားသောက်ဆိုင်ခန်းများစွာကိုလည်း ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-စ)**

၀-၀-၀-၀-၀





မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၆ / ၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ (ဆ) ၏ နောက်တွင် ပုဒ်မခွဲ(ဇ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဇ) လိုအပ်ပါက နာယကအဖွဲ့သည် တာဝန်ခံဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီအဖွဲ့ဝင်တစ်ဦးဦးကို သတ်မှတ်သက်တမ်းထက်ပို၍ တာဝန်ပေးအပ်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

★ ရှေ့ဖုံးမှ

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ဦးညဏ်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သံမှူးကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI) ဒုတိယဥက္ကဋ္ဌ၊ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များ အသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာ-တရုတ် ဗုဒ္ဓဘာသာနှင့်ယဉ်ကျေးမှု နှီးနှောဖလှယ်ရေး အဖွဲ့ နာယကနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ၂၀၂၆ ခုနှစ် မြင်းနှစ် တရုတ်နှစ်သစ်ကူးပွဲတော် ဖွင့်ပွဲအခမ်းအနားအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့အား ခြင်္သေ့ရှစ်ကောင်က မင်္ဂလာ ဂါရဝပြုကြိုဆိုကြပြီး တရုတ်ရိုးရာ နှစ်သစ်ကူး အထိမ်းအမှတ် ပဝါများဖြင့် ဂါရဝပြုသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေး နှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့က နှစ်သစ်ကူး ပွဲတော် အခမ်းအနားကို မင်္ဂလာ မောင်းအား သုံးကြိမ် တီးခတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် မြန်မာပြည် တရုတ်ဗုဒ္ဓဘာသာ ရဟန်းတော်များအဖွဲ့ဥက္ကဋ္ဌ ကွမ်ရင်စီကျောင်းတိုက် ဆရာတော်နှင့် ဘုန်းတော်ကြီးများက တရုတ်-မြန်မာ နှစ်ဘာသာဖြင့် နှစ်သစ်ကူး ဆုတောင်းစကား ဆုတောင်း မေတ္တာများပို့သကြပြီး နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ဇနီးတို့က ကွမ်ရင်ကျောင်း ဆရာတော်ထံ သစ်သီးခြင်းအား ဆက်ကပ်လှူဒါန်းရာ ဆရာတော်က ဘာသာရေးဆိုင်ရာ နှစ်သစ်ကူး အမှတ်တရ မင်္ဂလာလက်ဆောင် ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများအား ရန်ကုန်မြို့ရှိ တရုတ် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အထက်မြန်မာပြည်၊ အောက်မြန်မာပြည် တရုတ်အသင်းအဖွဲ့များ၊ မြန်မာ တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု မြှင့်တင်ရေးအသင်း(MCITP)မှ ကိုယ်စားလှယ်များက ရိုးရာ လက်ဆောင်မွန်များ ဂါရဝပြု ပေးအပ်ကြသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

ထို့နောက်ဖျော်ဖြေရေးအဖွဲ့များ၏ တစ်ဖွဲ့ချင်းစီအလိုက် ဂါရဝပြုကပြ ဖျော်ဖြေမှုအား ကြည့်ရှုအားပေးပြီး နိုင်ငံတော်လုံခြုံရေး နှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ဇနီးတို့က နှစ်သစ်ကူး လက်ဆောင်များ ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် တရုတ်အသင်းအဖွဲ့များနှင့် အမှတ်တရစုပေါင်း ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့်ဇနီး၊ တက်ရောက်လာကြသူများသည် ခြင်္သေ့ထိုင်အက၊ တရုတ်ရိုးရာ ကြက်တောင်ရိုက်ခြင်းနှင့် မြန်မာ့ရိုးရာတစ်ပင်တိုင် ခြင်းလုံးခတ် သရုပ်ပြ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး နှစ်သစ်ကူးလက်ဆောင်များ ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တရုတ်ရိုးရာယဉ်ကျေးမှု ပြခန်းများ၊ လက်မှုပညာပြခန်းများ၊ တိုင်းရင်းဆေးဝါးပြခန်းများ၊ တရုတ်ရိုးရာ အစားအစာပြခန်းများနှင့် စီးပွားရေးဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုကြရာ ပြခန်းတာဝန်ခံများက လိုက်လံရှင်းလင်း တင်ပြကြသည်။

ယင်းနောက် မြင်းနှစ် တရုတ်နှစ်သစ်ကူးပွဲတော် ညစာစားပွဲ အခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ ဦးစွာတရုတ်ရိုးရာ ခြင်္သေ့အရုပ်အား ဆေးခြယ် အသက်သွင်းခြင်း မင်္ဂလာအခမ်းအနားကို ပြုလုပ်ခဲ့ပြီး နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီးတို့က တရုတ်ရိုးရာ ခြင်္သေ့အရုပ်အား တရုတ်ထုံးတမ်းစဉ်လာများနှင့်အညီ ဂုဏ်ပြုဆေးခြယ်သပေးသည်။ ယင်းနောက် တရုတ်ရိုးရာ ခြင်္သေ့အကအဖွဲ့က ဂါရဝပြု ကပြကြရာ နှစ်သစ်ကူးလက်ဆောင်များ ပြန်လည်ပေးအပ်ခဲ့သည်။



ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ဦးညဏ်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သံမှူးကြီးများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI) ဒုတိယဥက္ကဋ္ဌ၊ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာ-တရုတ် ဗုဒ္ဓဘာသာနှင့် ယဉ်ကျေးမှု နှီးနှောဖလှယ်ရေးအဖွဲ့ နာယကနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ၂၀၂၆ ခုနှစ် မြင်းနှစ် တရုတ်နှစ်သစ်ကူးပွဲတော် ဖွင့်ပွဲအခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

စာမျက်နှာ ၄ သို့ ★

★ စာမျက်နှာ ၃ မှ





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တရုတ် နှစ်သစ်ကူးပွဲတော် နှစ်သစ်ဆုမွန်ကောင်းစကား ပြောကြားစဉ်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌက တရုတ်နှစ်သစ်ကူးပွဲတော် နှစ်သစ်ဆုမွန်ကောင်းစကားပြောကြားရာတွင် တရုတ်နိုင်ငံ၏ လွန်ခဲ့သော နှစ်ပေါင်း ၅၀၀၀ ကျော်ကတည်းက တည်ရှိခဲ့သည့် ယဉ်ကျေးမှုသမိုင်းတွင် တရုတ်ရိုးရာ ရာသီခွင် ၁၂ ပါးရှိပြီး ယခု ၂၀၂၆ ခုနှစ်သည် မြင်းနှစ်ဖြစ်သည်ကို သိရှိရကြောင်း၊ မြင်းနှစ်၏ အဓိပ္ပာယ်သည် လုပ်ငန်းဆောင်တာများကို အရှိန်အဟုန်နှင့် စွမ်းအားအပြည့် ဆောင်ရွက်နိုင်ခြင်း၊ စိန်ခေါ်မှုများကို ဉာဏ်ပညာ၊ ကျွမ်းကျင်မှုများနှင့် အောင်မြင်စွာကျော်ဖြတ်ပြီး ဖွံ့ဖြိုးတိုးတက်မှုများကို ရရှိပိုင်ဆိုင်ခြင်းဆိုသည့် ကောင်းမွန်သော အဓိပ္ပာယ်များရှိသည်ဟု မှတ်သားရပါကြောင်း၊ ထို့ကြောင့် ယခုနှစ်သစ်တွင် တရုတ်နိုင်ငံအနေဖြင့် သာမက မြန်မာနှင့်တရုတ် နိုင်ငံနှစ်ခုလုံး၏ ပြည်သူလူထု အကျိုးစီးပွားအတွက် ယခုထက် ပိုမိုပြီး တိုးတက်မှု၊ အောင်မြင်မှုများ ရရှိအောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုကဲ့သို့ ထူးခြားသည့် ၂၀၂၆ ခုနှစ်အတွင်းတွင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား မိတ်ဆွေကောင်း၊ အိမ်နီးချင်းကောင်းပီပီ စိတ်ကောင်းစေတနာအပြည့်နှင့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်နှင့် တိုးချဲ့သွားနိုင်မည်ဟုလည်း အပြည့်အဝ ယုံကြည်ပါကြောင်း။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် မိုင်ပေါင်း ၁၃၀၀ ကျော် ရေမြေတောတောင်ချင်း ထိစပ်နေသည့် ရွေးချယ်စရာမရှိသော အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်ကြောင်း၊ နှစ်နိုင်ငံပြည်သူများအကြားတွင်လည်း အေဒီ ၉၀၀ ကျော် ပျူခေတ်ကာလကတည်းက ရင်းနှီးချစ်ကြည်စွာ ကူးလူးဆက်ဆံခဲ့ကြခြင်းကြောင့် ချစ်ကြည်ရင်းနှီးမှုသည် ယခုအခါ နှစ်ပေါင်းထောင်ချီ ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ ထိုသို့ သမိုင်းကြောင်း ကြာမြင့်ပြီဖြစ်သည့် နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် ရှည်လျားသည့် နယ်နိမိတ်ချင်း ထိစပ်နေမှုများကြောင့် နှစ်နိုင်ငံအကြား နားလည်မှု၊ ယုံကြည်မှုများကို တိုးမြှင့်ပြီး "ဆွေမျိုးပေါက်ဖော်" ဆက်ဆံရေးကို အခိုင်အမာ ထူထောင်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း။

"ဆွေမျိုးပေါက်ဖော်" ညီအစ်ကို ရင်းချာစိတ်ဓာတ်ကို အခြေခံပြီး နှစ်နိုင်ငံဆက်ဆံရေးကို ကဏ္ဍစုံတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသကဲ့သို့ ၂၀၁၁ ခုနှစ်တွင် "ဘက်စုံ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး" အဆင့်အထိ တိုးမြှင့်နိုင်ခဲ့ပါကြောင်း၊ ထို့ပြင် ၂၀၂၀ ပြည့်နှစ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ မြန်မာနိုင်ငံ ခရီးစဉ်အတွင်းတွင် "မြန်မာ-တရုတ် အေးအတူပူအမျှ အသိုက်အဝန်း" ကို အောင်မြင်စွာ တည်ထောင်နိုင်ခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးအတွက် သမိုင်းမှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့ပါကြောင်း၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်နှင့်အညီ အပြန်အလှန်လေးစားမှုနှင့် နားလည်မှုကို အခြေခံပြီး ကဏ္ဍစုံတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံ မိတ်ဖက်ဆက်ဆံရေးကို ပိုမိုကျယ်ပြန့် နက်ရှိုင်းအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွယ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia တို့ ၂၀၂၆ ခုနှစ် မြင်းနှစ် တရုတ်နှစ်သစ်ကူး အထိမ်းအမှတ်လက်ဆောင်များ အပြန်အလှန် ပေးအပ်ကြစဉ်။

တရုတ်နိုင်ငံ၏ အကူအညီဖြင့် မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေးအတွက် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်၊ စိုက်ပျိုးရေး၊ စက်မှုနှင့် ပို့ဆောင်ဆက်သွယ်ရေး ကဏ္ဍများတွင် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နှစ်နိုင်ငံအကြား ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်း၊ မြစ်ဆုံရေအားလျှပ်စစ် စီမံကိန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်း စီမံကိန်းတို့ကို ပူးပေါင်းဆောင်ရွက် လျက်ရှိကြောင်း၊ မူဆယ်-မန္တလေး မီးရထားလမ်းသစ် ဖောက်လုပ်ရေး စီမံကိန်းနှင့် မန္တလေး-ကျောက်ဖြူ မီးရထားလမ်း စီမံကိန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မူဆယ်-မန္တလေး ရထားလမ်းသည် ကျောက်ဖြူ-ကူမင်း မီးရထားလမ်း စီမံကိန်းကို အကောင်အထည် ဖော်ခြင်း၏ ပထမခြေလှမ်းဖြစ်ပြီး ကျောက်ဖြူ-ကူမင်း မီးရထားလမ်းစီမံကိန်း၏ အဓိကကျသည့် အစိတ်အပိုင်း တစ်ရပ်လည်း ဖြစ်ကြောင်း၊ မန္တလေး-ကျောက်ဖြူ ရထားလမ်း စီမံကိန်းသည် တရုတ်နိုင်ငံအတွက် အိန္ဒိယသမုဒ္ဒရာ ထွက်ပေါက်အဖြစ် ပုံပေါ်လာနိုင်မည့် အလားအလာရှိသော အခွင့်အလမ်းကောင်းများ ဖြစ်ကြောင်း။

## နှစ်နိုင်ငံလုံးအတွက် များစွာအကျိုးဖြစ်ထွန်း

ထို့ပြင် မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေ အများဆုံးနိုင်ငံများ ဖြစ်သည့် တရုတ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြားတွင် နယ်နိမိတ်ချင်း ထိစပ်တည်ရှိနေပြီး တောင်အာရှ၊ အရှေ့တောင်အာရှနှင့် တရုတ်နိုင်ငံတို့ ဆုံဆည်းရာနေရာတွင် ပထဝီအနေအထားအရ အချက်အချာကျကျ တည်ရှိနေခြင်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အပြန်အလှန် အကျိုးရှိစေရေး ပူးပေါင်းဆောင်ရွက်မှုများကို မြန်မာနိုင်ငံက အလေးထားပါကြောင်း၊ လမ်းပန်းဆက်သွယ်မှု အနေဖြင့် လမ်းဆုံနေရာတွင် တည်ရှိနေပြီး တရုတ်နိုင်ငံအတွက် အိန္ဒိယ သမုဒ္ဒရာထွက်ပေါက်ကို ဖန်တီးပေးနိုင်မည့် နိုင်ငံဖြစ်သည့်အတွက် လမ်းပန်းဆက်သွယ်ရေး ကဏ္ဍနှင့် အခြေခံအဆောက်အအုံကဏ္ဍများတွင် တရုတ်နိုင်ငံက လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရန် အတွက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ၏ ၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်းက တရုတ်နိုင်ငံ ခရီးစဉ်တွင် ဖိတ်ခေါ်ခဲ့ပြီးဖြစ်ကြောင်း၊ ထိုသို့ရင်းနှီးမြှုပ်နှံနိုင်ပါက နှစ်နိုင်ငံလုံးအတွက် များစွာအကျိုး ဖြစ်ထွန်းစေမည် ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် တရုတ်တစ်နိုင်ငံတည်း မူဝါဒကို ယနေ့ထက်တိုင် လက်ခံကျင့်သုံးနေသကဲ့သို့ စစ်မှန်သော မိတ်ဖက်ဆက်ဆံရေး၊ အပြန်အလှန် ယုံကြည်မှုနှင့် ရိုးရင်းစွဲ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး နှစ်နိုင်ငံဆက်ဆံမှု တိုးမြှင့်ဆောင်ရွက်ရေး၊ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်မှု အရှိန်အဟုန်မြှင့်တင်ရေးနှင့် ဒေသတွင်း တည်ငြိမ်အေးချမ်းရေး ဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ် ဆွေးနွေးနိုင်ခဲ့ပါကြောင်း။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် ကူညီပေးခဲ့မှု၊ မန္တလေးငလျင် အတွက် အစောဆုံး အကူအညီ စေလွှတ်ခဲ့မှုတို့အပေါ် အစဉ်အမှတ်ရပါကြောင်းနှင့် ငလျင်ဘေး အလွန် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များအတွက် အကူအညီများ ပေးအပ်မှုအပေါ် များစွာ ကျေးဇူးတင်ရှိကြောင်း၊ ဒေသတွင်း တွင်သာမက နိုင်ငံတကာ အသိုက်အဝန်းများတွင် စဉ်ဆက်မပြတ် အပြုသဘောဆောင်သည့်အားပေး ထောက်ခံမှုများ အတွက်လည်း များစွာတန်ဖိုးထားကြောင်း၊ ယခုအခါ မိမိတို့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်အောင်မြင်မြင်ဖြင့် ကျင်းပပြီးစီးခဲ့ပြီ ဖြစ်ကြောင်း၊ မကြာခင်တွင် ရွေးကောက် တင်မြှောက်ခံကိုယ်စားလှယ်များ ဦးဆောင်ပြီး လွှတ်တော်အစည်းအဝေးများကို ခေါ်ယူကျင်းပနိုင်တော့မည်ဖြစ်ကြောင်း၊ လွှတ်တော် မှတစ်ဆင့် ဒီမိုကရေစီ နည်းလမ်းတကျ ရွေးကောက်တင်မြှောက်သည့် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အစိုးရအဖွဲ့တစ်ရပ်သည်လည်း လာမည့် ဧပြီလဆန်းပိုင်းတွင် ပေါ်ပေါက်လာတော့မည် ဖြစ်သည့်အတွက် နှစ်နိုင်ငံအကြား ယခုထက်ပိုသည့် ပူးပေါင်း ဆောင်ရွက်မှုများ ပိုမိုဆောင်ရွက်နိုင်မည်ဟုလည်း ယုံကြည်ကြောင်း။

တရုတ်ရိုးရာ ရာသီခွင်များထဲက "မြင်း" ဆိုသည်မှာ အောင်မြင်မှု၊ ကံကောင်းခြင်းနှင့်လည်း ဆက်စပ်နေကြောင်း၊ ထို့ကြောင့် နှစ်နိုင်ငံအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်ကို အခြေခံသည့် အိမ်နီးချင်းချစ်ကြည်ရေး ထာဝရတည်တံ့စေရန်၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် သာယာဝပြောစေရန်နှင့် ယနေ့ ကြွရောက်လာသည့် ဂုဏ်သရေရှိ လူကြီးမင်းများအားလုံး ကျန်းမာ ရွှင်လန်းပြီး အောင်မြင်ခြင်း၊ ကံကောင်းခြင်းများ ပိုင်ဆိုင်ကာ ပျော်ရွှင်ချမ်းမြေ့ ကြပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

## လက်ဆောင်များ အပြန်အလှန်ပေးအပ်

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယ ဥက္ကဋ္ဌနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် ၂၀၂၆ ခုနှစ် မြင်းနှစ် တရုတ်နှစ်သစ်ကူး အထိမ်းအမှတ် လက်ဆောင်များကို အပြန်အလှန်ပေးအပ်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီးက နှစ်သစ်ဆုတောင်းစကား ပြောကြားရာတွင် ယနေ့ညတွင် ကျင်းပပြုလုပ်သော မြန်မာနိုင်ငံရှိ တရုတ်နွယ်ဖွားများ၏ နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် အခမ်းအနားကို တက်ရောက်ပြီး အတူတကွ မြင်းနှစ်သစ်ကို ကြိုဆိုခွင့်ရခြင်းအတွက် အလွန်ဝမ်းမြောက် ဂုဏ်ယူပါကြောင်း၊ တရုတ်နှစ်သစ်ကူးပွဲတော်သည် မိသားစု စည်းလုံးစုစည်းခြင်း စိတ်ခံစားမှု၊ နှစ်ဟောင်းကို နှုတ်ဆက်ပြီး နှစ်သစ်ကိုကြိုဆိုခြင်း တောင်းဆုမွန်များဖြင့် နှစ်သစ်၏ အနှစ်သာရ ပေါ်လွင်နေပါကြောင်း၊ လူမှုအသိုင်းအဝိုင်းအတွင်း သဟဇာတဖြစ်စွာ ဆက်ဆံပြုမူခြင်း တို့ကိုလည်း ထင်ဟပ်စေပါကြောင်း၊ ဤအချက်များသည် အရှေ့တိုင်း၏ တူညီသော တန်ဖိုးထားမှုများဖြစ်ပါကြောင်း။

စာမျက်နှာ ၅ သို့ ★

★ စာမျက်နှာ ၄ မှ

၂၀၂၄ ခုနှစ် ဇူလိုင်လတွင် မြန်မာနိုင်ငံအစိုးရက တရုတ်ရိုးရာလပြက္ခဒိန် နှစ်သစ်ကူးနေ့ကို အစိုးရရုံးပိတ်ရက်အဖြစ် သတ်မှတ်ကြေညာခဲ့ကြောင်း၊ ယခုနှစ် တရုတ်နှစ်သစ်ကူး ပွဲတော်သည် မြန်မာနိုင်ငံ၏ ပြည်ထောင်စုနေ့နှင့် နီးနေသဖြင့် နှစ်နိုင်ငံပြည်သူများ အတူတကွ ပျော်ရွှင်စွာ ဆင်နွှဲနိုင်ခြင်းသည် ဤပွဲတော်နှစ်ခုလုံး၏ ငြိမ်းချမ်းခြင်း၊ ညီညွတ်ခြင်းနှင့် စည်းလုံးခြင်းစိတ်ဓာတ်ကို ထင်ရှားစေပါကြောင်း။

၂၀၂၅ ခုနှစ်သည် တရုတ်-မြန်မာ ဆက်ဆံရေးအတွက် အရေးပါသည့် နှစ်တစ်နှစ်ဖြစ်ခဲ့ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးသည် ထိပ်သီးခေါင်းဆောင်များ၏ လမ်းညွှန်မှုအောက်တွင် အဆင့်သစ်တစ်ခုသို့ တက်လှမ်းခဲ့ပါကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များ နှစ်ကြိမ်တိုင်တိုင် တွေ့ဆုံခဲ့ပြီး ဂုဏ်ပြုစာလွှာများ အပြန်အလှန် ပေးပို့ခဲ့ကြကာ သံတမန်ဆက်ဆံရေး ၇၅ နှစ်ပြည့်ခြင်းကို အခွင့်အခါကောင်းယူ၍ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေရန်နှင့် တရုတ်-မြန်မာ အေးအတူပူအမျှ ကံကြမ္မာတူညီရေး တည်ဆောက်ရေးကို အရှိန်မြှင့်ဆောင်ရွက်ရန် တွန်းအားပေးခဲ့ကြောင်း၊ ယင်းသည် နှစ်နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် လမ်းညွှန်မှုနှင့် အင်အားကို ပေါ်လွင်စေခဲ့ကြောင်း၊ တရုတ်-မြန်မာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတွင် တိုးတက်မှုအသစ်များရရှိခဲ့ပြီး နှစ်နိုင်ငံကုန်သွယ်မှုပမာဏမှာ ၁၉ ရာခိုင်နှုန်း တိုးတက်ခဲ့ကာ တရုတ်နိုင်ငံ၏မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုမှာ ၂၃၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး နှစ်နိုင်ငံပြည်သူများအတွက် မြင်သာထင်သာသော အကျိုးကျေးဇူးများ ဖြစ်ထွန်းစေခဲ့ကြောင်း၊ နှစ်နိုင်ငံလူထုအကြား ယဉ်ကျေးမှုဖလှယ်ရေးတွင်လည်း စုံလင်လှကြောင်း၊ ကျဲ့ကျန်း အော်ပရာအဖွဲ့နှင့် တရုတ်ရုပ်ရှင်ရက်သတ္တပတ်တို့သည် မြန်မာပြည်သူများကို တရုတ်နိုင်ငံအား လက်တွေ့ကျကျ ရုပ်လုံးကြွစွာ ခံစားသိရှိ စေခဲ့ပါကြောင်း၊ ယမန်နှစ်က မြန်မာနိုင်ငံသို့ လာရောက်သည့် တရုတ်ခရီးသွား ဧည့်သည်ဦးရေသည် ၂၅၀၀၀၀ ကျော်ရှိခဲ့ပြီး မြန်မာနိုင်ငံ၏ အကြီးဆုံး ခရီးသွားအရင်းအမြစ်နိုင်ငံအဖြစ် ဆက်လက်တည်ရှိခဲ့ကြောင်း၊ တရုတ်-မြန်မာ အစိုးရ အရာရှိများ၊ ဘာသာရေး ခေါင်းဆောင်များ၊ ပညာရှင်များ၊ အနုပညာရှင်များ၊ လူငယ်နှင့် အားကစားသမားများ အပြန်အလှန် လေ့လာရေးခရီးစဉ်များသည် ပြည်သူနှစ်ရပ်အကြား နားလည်မှုနှင့် ချစ်ကြည်မှုတိုးပွားစေခဲ့ပါကြောင်း၊ ယခုနှစ်အတွင်း နှစ်နိုင်ငံ၏ "ပေါက်ဖော်ချစ်ကြည်ရေး" ဆက်ဆံရေးသည် ပိုမိုမြင့်မားလာခဲ့ပြီး ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် မြေငလျင်အပြီး အသက်ကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ခြင်းများသည် ကြီးမားသောမေတ္တာတရားဖြင့် တရုတ်-မြန်မာ ချစ်ကြည်ရေးကို ဖော်ပြခဲ့ခြင်းဖြစ်ကြောင်း၊ တရုတ်အစိုးရမှ လူအား၊ ပစ္စည်းအားနှင့် ငွေကြေးထောက်ပံ့မှုများ ပေးအပ်ခဲ့သကဲ့သို့ မြန်မာနိုင်ငံရှိ တရုတ်နွယ်ဖွား အသိုင်းအဝိုင်းကလည်း အမြန်ဆုံးတုံ့ပြန်ကာ အလှူငွေများနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ခဲ့ကြကြောင်း၊ မြန်မာပြည်ဖွား တရုတ်လူငယ်စေတနာ့ ဝန်ထမ်းများသည် သဘာဝဘေးဒဏ် အခြေအနေ အချက်အလက်များ စုဆောင်းပေးခြင်း၊ ထိခိုက်ဒဏ်ရာရသူများကို ကူညီ ပြောင်းရွှေ့ပေးခြင်းနှင့် လိုအပ်သော အထောက်အပံ့များ ပေးအပ်ခြင်းတို့ဖြင့် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြကြောင်း၊ ဤကဲ့သို့ တစ်ဦးဒုက္ခရောက်လျှင်အားလုံးဝိုင်းဝန်းကူညီခြင်းသည် တစ်လှေတည်းစီး၊ တစ်ခရီးတည်း သွားခြင်းနှင့် တရုတ်-မြန်မာ အေးအတူပူအမျှ ကံကြမ္မာတူ အသိုက်အဝန်း၏ စည်းလုံးညီညွတ်သော စိတ်ဓာတ်ကို ကွက်ကွက်ကွင်းကွင်း ထင်ဟပ်စေပါကြောင်း။



မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia နှစ်သစ်ဆုတောင်းစကား ပြောကြားစဉ်။

**ခရီးစဉ်သစ်တစ်ခု စတင်**

၂၀၂၆ ခုနှစ်သည် တက်ကြွမှုနှင့် အားမာန်အပြည့်ရှိသော မြင်းနှစ်သစ်ကို မိမိတို့ ကြိုဆိုဂုဏ်ပြုကြမည့်နှစ် ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံသည် (၁၅)ကြိမ်မြောက် ငါးနှစ်စီမံကိန်းကိုစတင်အကောင်အထည်ဖော်တော့မည်ဖြစ်ပြီး မြန်မာနိုင်ငံသည်လည်း ခရီးစဉ်သစ်တစ်ခုကို စတင်တော့မည် ဖြစ်ကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များ သဘောတူညီထားသော အရေးကြီးသော အချက်အလက်များကို မိမိတို့ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကံကြမ္မာတူ အသိုက်အဝန်း တည်ဆောက်ရေးကို လက်တွဲခိုင်မာစေကာ နှစ်နိုင်ငံကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုများကို တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်-မြန်မာ ချစ်ကြည်ရေးဆက်ဆံမှုသမိုင်းသစ်ကိုလည်း အတူတကွ ရေးဖွဲ့သွားမည် ဖြစ်ကြောင်း၊ မြင်းသည် ရဲစွမ်းသတ္တိနှင့် ဖွဲ့လုံ့လကို ကိုယ်စားပြုသည့် သင်္ကေတဖြစ်ပြီး ယင်းသည် မြန်မာနိုင်ငံတွင် ရာစုနှစ်ချီ၍ အခြေချနေထိုင်ကာ ဝီရိယရှိရှိ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသော မြန်မာပြည်ဖွား တရုတ်ညီအစ်ကို မောင်နှမများ၏ စိတ်ဓာတ်နှင့် အလွန်ကိုက်ညီလှကြောင်း၊ မြင်းနှစ်၏ ရဲရင့်အားမာန်ကို အသုံးချကာ တရုတ်-မြန်မာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊ နှစ်နိုင်ငံလူထုအကြား စိတ်ချင်းနီးစပ်မှု ပိုမိုတိုးပွားစေရန်၊ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးကို ခေတ်သစ်တွင် ရောင်ခြည်အသစ်ဖြင့် ထွန်းလင်းတောက်ပစေရန် မြန်မာပြည်ဖွား တရုတ်ညီအစ်ကိုမောင်နှမအားလုံးက တရုတ်-မြန်မာအကြား တံတား၊ ယဉ်ကျေးမှု သံတမန်များအဖြစ် ဆက်လက် ဆောင်ရွက်ကြပါရန် မျှော်လင့်ပါကြောင်း၊ တရုတ်-မြန်မာ နှစ်နိုင်ငံစလုံး ထွန်းကားတိုးတက်ပါစေ၊ နိုင်ငံနှင့် ပြည်သူ အေးချမ်းသာယာပါစေ၊ အားလုံး ဆန္ဒတိုင်းပြည့်ဝပြီး ကောင်းခြင်းမင်္ဂလာ ခံစားရရှိကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ဇနီးတို့သည်အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ တရုတ်ရိုးရာနှစ်သစ်ကူး အထိမ်းအမှတ် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင် နေစဉ်အတွင်း တရုတ်နိုင်ငံမှ လာရောက်ဖျော်ဖြေသည့် ချုံချင့်ရိုးရာအကအဖွဲ့၊ မိရာမိုရ်(ဂီတကဗျာ)အကအဖွဲ့၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီယဉ်ကျေးမှုအဖွဲ့နှင့် အနုပညာရှင်များက အဆိုအကများ၊ တေးသရုပ်ဖော်များ၊ တရုတ်-မြန်မာ ချစ်ကြည်ရေး တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ တရုတ်ယဉ်ကျေးမှုအဖွဲ့များက တရုတ်ရိုးရာ တေးသီချင်းများ၊ တူရိယာများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေခြင်းများ၊ ပြင်ပအနုပညာရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခြင်းများ ဆောင်ရွက်ကြသည်။

**ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်**

ထို့နောက် ၂၀၂၆ ခုနှစ် တရုတ်နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် ဘတ်စကက်ဘော ပြိုင်ပွဲတွင် ဆုရရှိကြသော အားကစားသမားများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် တရုတ်ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီယဉ်ကျေးမှုအဖွဲ့နှင့် အနုပညာရှင်များအား အမှတ်တရ လက်ဆောင်ပန်းခြင်းများ ပေးအပ်ကြသည်။

ဆက်လက်၍ မြန်မာ့အနုပညာရှင်များနှင့်ကြွရောက်လာကြသည့် ဧည့်သည်တော်များသည် တရုတ်-မြန်မာချစ်ကြည်ရေး Theme Song ဖြစ်သည့် "ပန်းတိုင်းပွင့်စေ" သီချင်းကို စုပေါင်းသီဆိုခဲ့ကြကြောင်းနှင့် အခမ်းအနားအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ဇနီးတို့သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှု ရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code "1111" ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှု ရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

"အဂတိလိုက်စားမှုတားဆီးဖို့ "1111" ကို ဖြေကြားစို့"

"ဝန်ဆောင်မှုများ ကောင်းစေရေး "1111" ကိုဖြေကြားပေး"

"အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့"

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ဆုချီးမြှင့်ခြင်းနှင့် ပိတ်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ဆုချီးမြှင့်ခြင်းနှင့် ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရင်ပြင်၌ ကျင်းပရာ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဆပ်ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ချုပ်၊ ဝန်ကြီးချုပ်များ၊ အစဉ်ဘက်ဥက္ကဋ္ဌများ၊ နေပြည်တော် ကောင်စီဝင်၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယမြို့တော်ဝန်၊ ဆက်စပ် ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ယခုနှစ် ကျင်းပသည့် ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ဆုအမျိုးအစား ခြောက်မျိုးဖြစ်သည့် လယ်ယာသုံးပစ္စည်းများအတွက် အကောင်းဆုံးဆု၊ တန်ဖိုးမြှင့်ထုတ်ကုန်နှင့် ထုပ်ပိုးမှုအကောင်းဆုံးဆု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းသည့် ထုတ်ကုန်ဆု၊ ယခင်နှစ် ဆုရရှိသူများမှတိုးတက်မှုအကောင်းဆုံးဆု၊ သွင်းကုန်အစားထိုး ထုတ်ကုန်ဆု၊ ဆန်းသစ်တီထွင်မှု အကောင်းဆုံး ဆုတို့ကို ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ပြပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပနေစဉ်ကာလအတွင်း ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိက ချိတ်ဆက်အသိပညာပေး ဆွေးနွေးပွဲ (၃၆)ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း၊ ပြခန်းဆိုင်ခန်းများမှ ငွေကျပ် ၁၆ ဒသမ ၇ ဘီလီယံကျော် ရောင်းချနိုင်ခဲ့ပြီး ပြပွဲသို့ ပြည်သူ ခြောက်သိန်းကျော် လာရောက်ကြည့်ရှု လေ့လာခဲ့ကြောင်း၊ ယခု ပြပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက် တစ်လမ်းမှ အားပေးကူညီခြင်းဖြစ်သလို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များကို ပိုမိုထုတ်လုပ်နိုင်ရေး အတွက် အထောက်အကူပြုမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လယ်ယာသုံးပစ္စည်းများ ပြပွဲပြိုင်ပွဲတွင် ဆုရရှိသူများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တန်ဖိုးမြှင့်ထုတ်ကုန်နှင့် ထုပ်ပိုးမှုပြပွဲပြိုင်ပွဲတွင် ဆုရရှိသူများကို လည်းကောင်း၊ ဒုတိယဝန်ကြီးများက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသည့် ထုတ်ကုန်ပစ္စည်းပြပွဲပြိုင်ပွဲ ဆုရရှိသူများကို လည်းကောင်း၊ ယခင်နှစ်ဆုရရှိသူများမှ တိုးတက်မှုအကောင်းဆုံး ဆုရရှိသူများကို လည်းကောင်း၊ သွင်းကုန်အစားထိုး ထုတ်ကုန် ပစ္စည်းဆု ရရှိသူများကိုလည်းကောင်း၊ ဆန်းသစ်တီထွင်မှုဆု ရရှိသူများကို လည်းကောင်း ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေများ ပေးအပ်ကြပြီး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ၊ ပြပွဲနှင့် ဈေးရောင်းပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးပံ့ပိုးဆောင်ရွက်ပေးခဲ့သည့် ကုမ္ပဏီများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

**ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် (၂၀၂၆ ခုနှစ်)ဆုရရှိသူများစာရင်း**

| စဉ် | အမည် | လုပ်ငန်းအမည် | ယှဉ်ပြိုင်သည့် ထုတ်ကုန် | တိုင်းဒေသကြီး/ပြည်နယ် | ဆုရရှိမှု |
|---|---|---|---|---|---|
| (က) လယ်ယာသုံးပစ္စည်းများအတွက် အကောင်းဆုံးဆု | | | | | |
| ၁။ | ဦးသန်းငွေ | "နေမင်းထွန်း" ခြွေလှေ့စက်လုပ်ငန်း | လယ်ယာသုံး စက်ကိရိယာ (Multi-Crop Thresher) | ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် | ပထမ |
| ၂။ | ဦးချစ်ဖွယ် | KCP | လယ်ယာသုံး စက်ကိရိယာ (Multi-Crop Thresher) | ဧရာဝတီတိုင်းဒေသကြီး | ဒုတိယ |
| ၃။ | ဦးပိုင်ထူးချစ် | Vinny | လယ်ယာသုံးစက် ကိရိယာ (Drum Seeder) | ရန်ကုန်တိုင်းဒေသကြီး | တတိယ |
| (ခ) တန်ဖိုးမြှင့်ထုတ်ကုန်နှင့် ထုပ်ပိုးမှု အကောင်းဆုံးဆု | | | | | |
| ၁။ | ဦးသီဟမင်းဝေ | "ပွဲတော်အုပ်လက်ဖက်" | လက်ဖက် | စစ်ကိုင်းတိုင်းဒေသကြီး | ပထမ |
| ၂။ | ဦးမရမ်ဇော်ယော် | "TOP"အသင့်စား စားသောက်ကုန် လုပ်ငန်း | အသင့်စားအသားခြောက် နှင့် ဝိုင်အမျိုးမျိုး | ကချင်ပြည်နယ် | ဒုတိယ |
| ၃။ | ဦးဆန်းနိုင်ဝင်း | OK-1 သစ်သီးဖျော်ရည်လုပ်ငန်း | သဘာဝသစ်သီးဖျော်ရည် | မကွေးတိုင်းဒေသကြီး | တတိယ |
| (ဂ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသည့် ထုတ်ကုန်ဆု | | | | | |
| ၁။ | ဦးအောင်ကျော်ထွန်း | "ဦးဘငြိမ်း"ယွန်းထည်လုပ်ငန်း | ယွန်းထည်ပစ္စည်းအမျိုးမျိုး | မန္တလေးတိုင်းဒေသကြီး | ပထမ |
| ၂။ | ဒေါ်သက်မာညို | Better Bee စားသောက်ကုန်လုပ်ငန်း | ပျားရည်လုပ်ငန်း | ရန်ကုန်တိုင်းဒေသကြီး | ဒုတိယ |
| ၃။ | ဦးဇော်မင်းဦး | "Alloy" Co.,Ltd. | သဘာဝအုန်းချိုမွှေး | ဧရာဝတီတိုင်းဒေသကြီး | တတိယ |
| (ဃ) ယခင်နှစ်ဆုရရှိသူများမှ တိုးတက်မှု အကောင်းဆုံးဆု | | | | | |
| ၁။ | ဒေါ်နန်းခင်အုန်း | "Na Rain Dara"Co.,Ltd. | နိုင်ငံတကာစံချိန်မီ သဘာဝမျှစ်ခြောက် | ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် | ပထမ |
| ၂။ | ဒေါ်မေနှင်းဝေ | Healthy & Happy Cookie လုပ်ငန်း | Cookie | မန္တလေးတိုင်းဒေသကြီး | ဒုတိယ |
| ၃။ | ဒေါ်ဖြူဖြူဥ | "ဝိသာခါ"လူသုံးကုန်ပစ္စည်းလုပ်ငန်း | သဘာဝရနံ့အမွှေးတိုင် | ရန်ကုန်တိုင်းဒေသကြီး | တတိယ |
| (င) သွင်းကုန်အစားထိုး ထုတ်ကုန်ဆု | | | | | |
| ၁။ | ဒေါက်တာခင်ဆွေအေး | "ရွှေဇီဝ" သဘာဝမြေဩဇာလုပ်ငန်း | သဘာဝမြေဩဇာအမျိုးမျိုး | မွန်ပြည်နယ် | ပထမ |
| ၂။ | ဦးထက်ဖြိုးဝင်း | "ရတနာ" လယ်ယာသုံး စက်မှုလက်မှု လုပ်ငန်း | ကုန်တင်ထော်လာဂျီ ခြွေလှေ့စက် | ပဲခူးတိုင်းဒေသကြီး | ဒုတိယ |
| ၃။ | ဦးမျိုးမင်းထိုက် | "လင်းစိန်"အထွေထွေစီးပွားရေး လုပ်ငန်း | ဆီအမျိုးမျိုး | ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် | တတိယ |
| (စ) ဆန်းသစ်တီထွင်မှု အကောင်းဆုံးဆု | | | | | |
| ၁။ | ဦးရဲထွဋ်လင်း | Royal Shin Ye Htut (RSYH) ဝါးဆိုလာ သုံးဘီးလုပ်ငန်း | ဝါးသုံးဘီးယာဉ် | ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် | ပထမ |
| ၂။ | ဒေါ်လင်းလင်းခိုင် | Because Coffee | ကော်ဖီ | မန္တလေးတိုင်းဒေသကြီး | ဒုတိယ |
| ၃။ | ဒေါ်ဖြူပြာလွင် | ဓာတုကင်းလွတ်ရေကြည်ပေါ်ဆန်း | ဆန် | ဧရာဝတီတိုင်းဒေသကြီး | တတိယ |

## ပြည်ကြီးတံခွန်မြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

**မန္တလေး ဖေဖော်ဝါရီ ၁၄**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်ရှိ အောင်တံခွန်သာသနာ့ဗိမာန်ဓမ္မာရုံ၌ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့များက သွားရောက်၍ အဆိုပါဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၃၆ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချို၊ သွေးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှု၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ **(ယာပုံ)**

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ဝ၃၈)**



# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် သူနာပြုတက္ကသိုလ်(မန္တလေး) ပထမနှစ်သူနာပြုသိပ္ပံဘွဲ့(ပုံမှန်) (၁၁/၂၀၂၅)သင်တန်း မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်






**မန္တလေး ဖေဖော်ဝါရီ ၁၄**

သူနာပြုတက္ကသိုလ်(မန္တလေး) ပထမနှစ်သူနာပြုသိပ္ပံဘွဲ့(ပုံမှန်) (၁၁/၂၀၂၅)သင်တန်း မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ သူနာပြုတက္ကသိုလ်(မန္တလေး)ပင်မ(၆)ထပ်ဆောင် Multipurpose Hall တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဆေးရုံအုပ်ကြီးများ၊ ဆေးနှင့်ဆေးနီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ သူနာပြုအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် သူနာပြုပညာရှင်များသည် ပြည်သူလူထုအား အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် အားထားရဆုံး လူ့စွမ်းအားအရင်းအမြစ်များဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် သူနာပြုတက္ကသိုလ် (၂)ခုနှင့် သူနာပြု၊ သားဖွားသင်တန်းကျောင်း စုစုပေါင်း (၅၃)ကျောင်းတို့မှ သူနာပြုအတတ်ပညာရှင်များကို နှစ်စဉ်မွေးထုတ်ပေးလျက်ရှိပါကြောင်း၊ သူနာပြုတက္ကသိုလ်(မန္တလေး)အနေဖြင့် စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလမှ ယနေ့အချိန်ထိ သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)သင်တန်း၊ သူနာပြုသိပ္ပံဘွဲ့(ပေါင်းကူး)သင်တန်း၊ အထူးပြုသူနာပြုဒီပလိုမာသင်တန်း၊ သူနာပြုမဟာသိပ္ပံဘွဲ့သင်တန်းနှင့် သူနာပြုပါရဂူဘွဲ့သင်တန်းများ ဖွင့်လှစ်ပြီး ဘွဲ့ရမောင်မယ် စုစုပေါင်း(၅၈၉၈)ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ နိုင်ငံ့တာဝန်များကို သစ္စာရှိရှိကျေပွန်စွာထမ်းဆောင်ရင်း အဆင့်မြင့်ပညာများ၊ သူနာပြုဆိုင်ရာသုတေသနများကို စဉ်ဆက်မပြတ် လေ့လာနေကြရမည်ဖြစ်ပါကြောင်း၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုသာမက ကျင့်ဝတ်သိက္ခာများနှင့် ညီညွတ်ပြီး ခံယူချက်ကောင်းသည့် ပြည်သူလူထု အားကိုးယုံကြည်သည့် နှလုံးလှသူနာပြုများဖြစ်အောင် ကြိုးစားနေကြရမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။




ယင်းနောက် သူနာပြုတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ပါမောက္ခဒေါက်တာခင်ဝင်းစိန်က ကြိုဆိုနှုတ်ခွန်းဆက်စကားကို ပြောကြားပြီးနောက် ဒုတိယနှစ် သူနာပြုသိပ္ပံဘွဲ့(ပုံမှန်) (၁/၂၀၂၆) သင်တန်းမှ ကျောင်းသားတစ်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ပထမနှစ်သူနာပြုသိပ္ပံဘွဲ့(ပုံမှန်) (၁၁/၂၀၂၅)မှ ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားတို့ကို ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ပညာရည်ချွန်ဆုရရှိသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ပြီးနောက် ကျောင်းသား၊ ကျောင်းသူများ၏ ဖျော်ဖြေတင်ဆက်မှုများ ကြည့်ရှုအားပေး၍ ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်းနှင့် ပြခန်းများအား လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ညောင်ပင်ကြီးကျေးရွာအုပ်စု၊ ထန်းသုံးပင်ကျေးရွာရှိ အရိယဝံသမိုးကုတ်ဝိပဿနာမဂ္ဂင်ဓမ္မရိပ်သာသို့ အလှူရှင်မန္တလေးမြို့နေ ဦးပိုနှင့် ဒေါ်တင်ကြည်တို့အား ရည်စူး၍ သားကိုစိုးမြင့်(ခ)ဆာချစ်က ယမန်နေ့နံနက်ပိုင်းတွင် ဆွမ်းပဒေသာပင် အလှူငွေကျပ် သုံးသိန်းခြောက်သောင်းကို အဆိုပါရိပ်သာဥက္ကဋ္ဌနေအိမ်၌ ပေးအပ်လှူဒါန်းရာ ရိပ်သာဥက္ကဋ္ဌ ဦးမောင်ထွေး(နေစွန်းဝမ်းစတားတာယာရောင်းဝယ်ရေး)က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ အလှူရှင်ထံ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြစဉ်။ (ဝ၅၃)

## (၂၂)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲသို့ လာရောက်လေ့လာလည်ပတ်သူများနှင့် စည်ကား

**မန္တလေး ဖေဖော်ဝါရီ ၁၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၂၂)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြမာလာဥယျာဉ်တွင် ကျင်းပလျက်ရှိရာ ပြပွဲလာဧည့်ပရိသတ်များအား နံနက် ၉ နာရီမှ ၁၂ နာရီထိ တစ်ကြိမ် ညနေ ၃ နာရီမှ ၆ နာရီထိ တစ်ကြိမ် တေးသီချင်းများ၊ သရုပ်ဖော်အကများဖြင့် ဧည့်ခံဖျော်ဖြေလျက်ရှိရာ လာရောက်လေ့လာလည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်။

ပြပွဲ၊ ပြိုင်ပွဲတွင် ပန်းအလှပင်များ၊ သစ်သီးဝလံစိုက်ခင်းများ၊ ပုံဖော်ပန်းအလှမျိုးစုံ၊ တီရစ္ဆာန်အရုပ်များ၊ အပျော်စီးရှုက်လှေများ ထားရှိပေးထား၍ အပန်းဖြေလာရောက်သူများ နှစ်သက်ရွှင်လန်းနေကြသည့်ပြင် ဓာတ်ပုံရိုက်သူများဖြင့် စည်ကားလျက်ရှိသည်။ ထို့ပြင် ဌာနဆိုင်ရာပြခန်းများ၊ MSME ပြခန်းများ၊ ပညာပေးပြခန်းများ၊ ပြပွဲ၊ ပြိုင်ပွဲ ခင်းကျင်းထားသည်။ ပန်းမန်၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို ကြည့်ရှုလေ့လာကြသူ လူကြီးလူငယ်များ၊ ကျောင်းသား၊ ကျောင်းသူများ များပြားလျက်ရှိသည်။

ယနေ့တွင် ရုံးပိတ်ရက်ဖြစ်တာကြောင့် နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မြို့တော်သူ၊ မြို့တော်သားများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လာရောက်အပန်းဖြေလည်ပတ်ကြသည့် အနယ်အနယ်အရပ်ရပ်မှ ပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**



နေရောင်အောက်က သက်ရှိတွေကို
စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အတ္တလန္တိတ်ဖြတ်ကျော် ယုံကြည်မှု ပြန်လည် တည်ဆောက်ရန် ဂျာမန်ဝန်ကြီးချုပ် ဖရိုင်းဒရစ်မာ့ဇ် တိုက်တွန်းနှိုးဆော်ပြောကြား




**ဘာလင် ဖေဖော်ဝါရီ ၁၄**

ဥရောပနှင့် အမေရိကန် ပြည်ထောင်စုအကြား ဆက်ဆံရေး အက်ကြောင်းထင်နေသည်ကို ဂျာမန်ဝန်ကြီးချုပ် ဖရိုင်းဒရစ်မာ့ဇ်က ဖေဖော်ဝါရီ ၁၃ ရက်တွင် ဝန်ခံပြောကြားခဲ့ပြီး အတ္တလန္တိတ်ဖြတ်ကျော် ယုံကြည်မှုများကို အတူတကွ ပြန်လည်ပြုပြင် တည်ဆောက်ကြရန် တိုက်တွန်းနှိုးဆော်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဥရောပနှင့် အမေရိကန် ပြည်ထောင်စုအကြား ဆက်ဆံရေးများ လျင်မြန်စွာ ဆိုးရွားလာနေသည့် အခြေအနေတွင် ဝန်ကြီးချုပ် မာ့ဇ်သည် မြူးနစ်လုံခြုံရေးညီလာခံ၌ အဖွင့်အမှာစကား ပြောကြားခဲ့ခြင်း ဖြစ်သည်။ အဆိုပါ အခမ်းအနားသို့ တက်ရောက်လာသော ထိပ်တန်းနိုင်ငံရေးသမားများထဲတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုလည်း ပါဝင်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က ဂရင်းလန်ကျွန်းကို သိမ်းပိုက်မည်ဟု ခြိမ်းခြောက်ခြင်း၊ အခွန်တိုးမြှင့်မှုများ ပြုလုပ်ခြင်းနှင့် ဥရောပတိုက်သည် ယဉ်ကျေးမှုအရ ပျောက်ကွယ်သွားနိုင်သည့်အန္တရာယ် နှင့် ရင်ဆိုင်နေရသည်ဟု ၎င်း၏ အစိုးရအဖွဲ့က သတိပေးခြင်း တို့ကြောင့် အတ္တလန္တိတ်ဖြတ်ကျော်ဆက်ဆံရေးမှာ နှစ်ပေါင်းများစွာအတွင်း အနိမ့်ဆုံးအဆင့်သို့ ကျဆင်းသွားခဲ့ရကြောင်း သိရသည်။

**Mon**

## လောင်းမတ်ချ် ၁၀ ဒုံးပျံ၏ ပထမအဆင့် တွန်းကန်အင်ဂျင်ကို တရုတ် အာကာသအေဂျင်စီ အောင်မြင်စွာ ပြန်လည်ဆယ်ယူနိုင်

**ပေကျင်း ဖေဖော်ဝါရီ ၁၄**

အရေးပါသည့် ယခုသီတင်းပတ် အစောပိုင်းက စမ်းသပ်ပျံသန်းမှုတွင် အသုံးပြုခဲ့သည့် လောင်းမတ်ချ် ၁၀ အကြီးစား သယ်ဆောင်ရေးဒုံးပျံ၏ ပထမအဆင့် တွန်းကန်အင်ဂျင်ကို အောင်မြင်စွာ ပြန်လည်ဆယ်ယူနိုင်ခဲ့သည်ဟု တရုတ်လူလိုက်ပါသည့် အာကာသအေဂျင်စီက ထုတ်ပြန်ကြေညာခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ တွန်းကန်အင်ဂျင်ကို သောကြာနေ့ နံနက်ပိုင်းတွင် တောင်တရုတ်ပင်လယ်အတွင်း ပြုတ်ကျခဲ့သည့်နေရာမှ ပြန်လည်ဆယ်ယူခဲ့ခြင်းဖြစ်ပြီး ယင်းမှာ တရုတ်နိုင်ငံအနေဖြင့် ဒုံးပျံအစိတ်အပိုင်းများကို သမုဒ္ဒရာအတွင်းမှ ပထမဆုံးအကြိမ် ပြန်လည်ဆယ်ယူနိုင်ခြင်းဖြစ်သည်ဟု သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အေဂျင်စီမှ ထုတ်ပြန်သည့် ဓာတ်ပုံတွင် ကရိန်းတစ်ခုက တွန်းကန်အင်ဂျင်ကို ရေထဲမှ မတင်ကာ သင်္ဘောပေါ်သို့ တင်ဆောင်နေသည်ကို မြင်တွေ့ရသည်။



ပြန်လည်ဆယ်ယူရရှိထားသည့် တွန်းကန်အင်ဂျင်ကို မည်သို့ဆက်လက်ဆောင်ရွက်မည်နှင့် ဆယ်ယူရေးလုပ်ငန်းစဉ်၏ အခြားအသေးစိတ်အချက်အလက်များကိုမူ အေဂျင်စီက ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

**Mon**

## ဟာဗားနားမြို့တော်ရှိ ရေနံချက်စက်ရုံ မီးလောင်မှု စွမ်းအင်အကျပ်အတည်းကို ပိုမိုဆိုးရွားလာစေနိုင်

**ဟာဗားနား ဖေဖော်ဝါရီ ၁၄**

ကျူးဘားနိုင်ငံ ဟာဗားနားမြို့တော်ရှိ အဓိက လောင်စာဆီချက်စက်ရုံတစ်ခုတွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ အမေရိကန်၏ ရေနံပိတ်ဆို့မှုဒဏ်ကို ခံစားနေရသော ကျူးဘားနိုင်ငံ၏ စွမ်းအင်အကျပ်အတည်းကို ပိုမိုဆိုးရွားလာစေနိုင်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ယမန်နေ့က နီကိုလိုပက်ဇ် ရေနံချက်စက်ရုံရှိရာ ဟာဗားနားပင်လယ်အော်အထက်တွင် မီးခိုးလုံးကြီးများ မြင်တွေ့ခဲ့ရသဖြင့် မြို့တော်နေပြည်သူများအကြား အာရုံစိုက်မှု ဖြစ်ပေါ်ခဲ့သော်လည်း မီးသတ်တပ်ဖွဲ့ဝင်များက ပိုင်းဝန်းငြိမ်းသတ်ခဲ့သောကြောင့် မီးခိုးများမှာ ပြန်လည်လျော့ပါးသွားခဲ့သည်။

ရေနံချက်စက်ရုံရှိ ဂိုဒေါင်တစ်ခုတွင် စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီဖြစ်ကာ မီးလောင်ရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း ကျူးဘားစွမ်းအင်နှင့် သတ္တုတွင်းဝန်ကြီးဌာနက ထုတ်ပြန်သည်။

ယင်းမီးလောင်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိသည့်အပြင် အနီးနားရှိ နေရာများသို့လည်း မီးကူးစက်ပျံ့နှံ့ခြင်းမရှိကြောင်း ဝန်ကြီးဌာန၏ လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြထားသည်။

နီကိုလိုပက်ဇ် ရေနံချက်စက်ရုံ၏ လုပ်ငန်းခွင်ဆောင်ရွက်မှုများမှာ ပုံမှန်အတိုင်း ဆက်လက်လည်ပတ်လျက်ရှိကြောင်း သိရသည်။ **Mon**

၀-၀-၀-၀-၀

## ပြင်သစ်နိုင်ငံ ပဲရစ်မြို့ရှိ လူသိများသော လူဗာပြတိုက်အတွင်း လူအဝင်အထွက်အများဆုံးအဆောင်တွင် ရေယိုစိမ့်မှု ထပ်မံဖြစ်ပွား

**ပဲရစ် ဖေဖော်ဝါရီ ၁၄**

ပဲရစ်မြို့ရှိ လူသိများသော လူဗာပြတိုက်အတွင်း ခိုးယူရန်ကြိုးပမ်းမှုများ၊ သပိတ်မှောက်မှုများနှင့် လက်မှတ်အတု ရောင်းချမှုဆိုင်ရာ အရှုပ်တော်ပုံများ ဖြစ်ပွားခဲ့ပြီးနောက် သုံးလအတွင်း ဒုတိယအကြိမ်မြောက်အဖြစ် လူအဝင်အထွက်အများဆုံးအဆောင်တွင် ရေယိုစိမ့်မှု ထပ်မံဖြစ်ပွားခဲ့ကြောင်း သိရသည်။

မိုနာလီဇာအပါအဝင် အဖိုးတန် ရှေးဟောင်းလက်ရာအချို့ကို ပြသထားသည့် ဒန်နွန်အဆောင်ရှိ ရေပိုက်တစ်ခုပေါက်ထွက်ခဲ့သဖြင့် ညတွင်းချင်းပင် မီးသတ်တပ်ဖွဲ့ကို ခေါ်ယူခဲ့ရကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

လီယိုနာဒို ဒါဗင်ချီ၏ လက်ရာမွန်ရှိရာ နေရာသို့ ရေထိခိုက်မှု မရှိခဲ့သော်လည်း ၁၅ ရာစု အီတလီအနုပညာလက်ရာများနှင့် ပြင်သစ်ပန်းချီဆရာ ချားလ်စ်မိန်းနီးယား ရေးဆွဲထားသည့် အလှဆင်မျက်နှာကြက်များရှိရာ အခန်းမှာ ပျက်စီးဆုံးရှုံးမှုများ ရှိခဲ့ကြောင်း သိရသည်။ **Mon**

## အမေရိကန်စားသုံးသူ ငွေကြေးဖောင်းပွမှုနှုန်း ထွက်ပေါ်လာပြီးနောက် ဝေါလ်စထရီ စတော့ဈေးကွက်၌ ပြောင်းလဲမှုမရှိဘဲ ငြိမ်သက်နေခဲ့




**ဝါရှင်တန် ဖေဖော်ဝါရီ ၁၄**

အမေရိကန် စားသုံးသူ ငွေကြေးဖောင်းပွမှုနှုန်းသည် ဒီဇင်ဘာလတွင် အနည်းငယ် လျော့ကျသွားကာ အချက်အလက်များ ထွက်ပေါ်လာပြီးနောက် ယခင်နေ့ အရောင်းအဝယ်ကာလတွင် ရှယ်ယာများ ဈေးနှုန်းကျဆင်းခဲ့သော်လည်း ဖေဖော်ဝါရီ ၁၃ ရက် အစောပိုင်းက ဝေါလ်စထရီ စတော့ဈေးကွက်၌ သိသာသော ပြောင်းလဲမှုမရှိဘဲ ငြိမ်သက်နေခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

စားသုံးသူ ဈေးနှုန်းညွှန်းကိန်း (စီပီအိုင်) သည် တစ်နှစ်ထက်တစ်နှစ် ၂ ဒသမ၄ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပြီး ၎င်းမှာ ဒီဇင်ဘာလ၏ ၂ ဒသမ၇ ရာခိုင်နှုန်းအောက် လျော့နည်းသွားခြင်းဖြစ်ကာ ကျွမ်းကျင်သူများ၏ ခန့်မှန်းချက်ထက်လည်း အနည်းငယ်သက်သာနေကြောင်း အလုပ်သမားဝန်ကြီးဌာနက ထုတ်ပြန်သည်။

အဆိုပါ အညွှန်းကိန်းများ မထွက်ပေါ်လာမီတွင် စိုးရိမ်ပူပန်မှုအချို့ ရှိနေခဲ့သော်လည်း ယခုအချက်အလက်များအရ ယနေ့ ဈေးကွက်လှုပ်ရှားမှုများအပေါ် သက်ရောက်နိုင်သည့် ဆိုးကျိုးများကို ဖယ်ရှားပေးနိုင်ခဲ့ကြောင်း အင်တာရက်တစ်ဘရိုကာမှ စတိဗ်ဆော့နစ်က ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀

## ဘင်္ဂလားဒေ့ရှ် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲတွင် ဘီအင်န်ပီပါတီက မဲသုံးပုံနှစ်ပုံကျော် အသာစီးဖြင့် အောင်ပွဲခံ



**ဒက္ကာ ဖေဖော်ဝါရီ ၁၄**

ယခင်အပတ်က ကျင်းပခဲ့သည့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲတွင် ဘင်္ဂလားဒေ့ရှ် အမျိုးသားဝါဒီပါတီ(ဘီအင်န်ပီ)က မဲဆန္ဒနယ် ၂၉၉ နေရာအနက် ၂၀၉ နေရာ၌ အနိုင်ရရှိခဲ့ပြီး သုံးပုံနှစ်ပုံကျော် အသာစီးဖြင့် အောင်ပွဲခံနိုင်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အသက် ၆၀နှစ် အရွယ်ရှိ ပါတီဥက္ကဋ္ဌ တာရစ်ရာမန်သည် နိုင်ငံ၏ နောက်ထပ်ဝန်ကြီးချုပ် ဖြစ်လာနိုင်ဖွယ်ရှိကြောင်း ဒေသတွင်း သတင်းဌာနများက ဖော်ပြကြသည်။

၎င်းသည် ပြီးခဲ့သည့် ဒီဇင်ဘာလက ကွယ်လွန်ခဲ့သော ဝန်ကြီးချုပ်ဟောင်း ခါလီဒါဇီယာနှင့် ဘီအင်န်ပီပါတီကို တည်ထောင်ခဲ့သူ သမ္မတဟောင်း ဇီယာအာရာမန်တို့၏ သားဖြစ်သည်ဟုဆိုသည်။

ယမန်နေ့က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ရွေးကောက်ပွဲကော်မရှင် အဆင့်မြင့်အတွင်းရေးမှူး အက်တာအာမက်က ဘင်္ဂလားဒေ့ရှ် ဂျာမတ်-အီး-အစ္စလာမ်မီပါတီသည် ၆၈ နေရာဖြင့် ဒုတိယနေရာတွင် ရှိနေပြီး ဘီအင်န်ပီနှင့် ဂျာမတ်တို့၏ မဟာမိတ်ဖြစ်သော တစ်သီးပုဂ္ဂလကိုယ်စားလှယ်များနှင့် အခြားပါတီငယ်များက နေရာ ၂၀ အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**Mon**

# စစ်ကိုင်းမြို့၊ မြို့မဈေးကြီးအတွင်း စားသောက်ကုန်များ အရည်အသွေးပြည့်မီခြင်းရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး



**စစ်ကိုင်း ဖေဖော်ဝါရီ ၁၄** စစ်ကိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာနနှင့် သတ္တုတွင်းဦးစီးဌာန(ဆားလုပ်ငန်းဌာနခွဲ) စစ်ကိုင်းတိုင်းဒေသကြီးရုံးမှ တာဝန်ရှိသူများပူးပေါင်း၍ ယမန်နေ့နံနက်ပိုင်းက စစ်ကိုင်းမြို့၊ မြို့မဈေးကြီးအတွင်းရှိ ဈေးဆိုင်များ၌ ဈေးကွက်အတွင်း ရောင်းချနေသော စားသောက်ကုန်ပစ္စည်းများ အရည်အသွေးပြည့်မီခြင်း ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးခဲ့သည်။ **(ဓာတ်ပုံ)**

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မူနှင့် သတ္တုတွင်းဦးစီးဌာန (ဆားလုပ်ငန်းဌာနခွဲ)မှ ဒု-တိုင်းဦးစီးမှူး ဦးထိန်လင်းနှင့်ဝန်ထမ်းများက ဈေးဆိုင်များရှိ အိမ်သုံးဆားများတွင် အိုင်အိုဒင်းပါဝင်မှုပြည့်မီခြင်း ရှိ၊ မရှိနှင့် ကုန်ညွှန်းအမှတ်သားများ ပါရှိမှု ရှိ၊ မရှိ၊ ရောင်းချရာတွင် သတ်မှတ်ဈေးနှုန်း၊ အလေးချိန်၊ သတ်မှတ်ပမာဏ မှန်ကန်မှုရှိ၊ မရှိတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**



# ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းများ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးပညာပေး

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁၄** မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ မီးသတ်ဦးစီးမှူး ဦးမင်းသိမ်းထွန်းသည် ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးသန်းမြင့်နှင့် တပ်ဖွဲ့ဝင်များ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၀ နာရီက ကျောက်ပန်းတောင်းမြို့ပေါ်ရှိ ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းများ၏ မီးဘေးလုံခြုံရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို ရောင်တခင်ဝင်ရောက်စစ်ဆေး၍ လိုအပ်သည်များကို အကြံပြုဆွေးနွေးပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ကျောက်ပန်းတောင်းမြို့နယ်အတွင်း ပွင့်လင်းရာသီကာလတွင် မီးလန့်မှု၊ မီးလောင်မှုမဖြစ်ပွားစေရေးအတွက် ညောင်ဦးခရိုင် မီးသတ်ဦးစီးမှူးနှင့် ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးမှူးတို့သည် တပ်ဖွဲ့ဝင်များလိုက်ပါလျက် ကျောက်ပန်းတောင်းမြို့ပေါ်ရှိ ဟိုတယ်၊ မိုတယ်နှင့်တည်းခိုခန်းများတွင် မီးဘေးလုံခြုံရေးနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိရမည့် မီးသတ်ဆေးဘူးများ အသင့်ထားရှိခြင်း ရှိ၊ မရှိ၊ မီးချိတ်၊ မီးကတ်၊ သဲ၊ ရေ၊ လှေကားနှင့် မီးသတ်ရေကန်များအဆင်သင့်ဖြစ်မှု ရှိ၊ မရှိနှင့် ဟိုတယ်၊မိုတယ်နှင့် တည်းခိုခန်းများတွင် အရေးပေါ် ထွက်ပေါက်များ အသုံးပြုနိုင်ခြင်း ရှိ၊ မရှိတို့ကို ရောင်တခင်ဝင်ရောက်စစ်ဆေး၍ ခရိုင်ဦးစီးမှူးက ပြင်ဆင်သင့်သည်များကို အချိန်နှင့်တစ်ပြေးညီ ပြုပြင်ဆောင်ရွက်သွားရန်နှင့် မီးလန့်မှု မီးလောင်မှုမဖြစ်ပွားစေရေး ပတ်ဝန်းကျင်ရှိ သစ်ရွက်ခြောက်၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းရေး၊ လျှပ်စစ်မီးကြိုးများနှင့် မိန်းခုံများ ကြံ့ခိုင်မှုရှိစေရေးနှင့် သက်တမ်းလွန် မီးသတ်ဆေးဘူးများ အသစ်ပြန်လည်လဲလှယ်ရေးတို့ကို အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၄၅၆)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီး၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**ရှမ်းပြည် ဖေဖော်ဝါရီ ၁၄** ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီး၌ စုစုပေါင်း ဘိန်းစိုက်ခင်း ၁၂၀ ဧကခန့်ကို ဖျက်ဆီးခဲ့သည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၇ နာရီခွဲမှ ညနေ ၄ နာရီအထိ ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က လွိုင်လင်မြို့နယ်၊ ဝါးထေးကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၂၅ ဧကခန့်နှင့် ကျိုင်းခမ်းကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၆ ဧကခန့်တို့ကိုလည်းကောင်း၊ အလားတူ နံနက် ၉ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဟိုပုံးမြို့နယ်၊ လီမောကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၂၈ ဧကခန့်ကိုလည်းကောင်း၊ ထို့အတူ နံနက် ၉ နာရီ ၁၀ မိနစ်မှ မွန်းလွဲ ၂ နာရီ မိနစ် ၄၀ အထိ ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ပင်လောင်းမြို့နယ်၊ ကုန်းပေါကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၃၈ ဧကခန့်ကိုလည်းကောင်း၊ ထို့အတူ နံနက် ၉ နာရီ မိနစ် ၂၀ မှ မွန်းလွဲ ၂ နာရီ မိနစ် ၄၀ အထိ ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဆီဆိုင်မြို့နယ်၊ ပန်အောင်ကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်း ၉ ဧကခန့်ကို လည်းကောင်း၊ ထို့အတူ နံနက် ၉ နာရီ မိနစ် ၄၀ မှ မွန်းတည့် ၁၂ နာရီအထိ ကျိုင်းတုံမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့်ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ကျိုင်းတုံမြို့နယ်၊ ပန်ဝိုင်အောက်ကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၄ ဧကခန့်ကို လည်းကောင်း အသီးသီးဖျက်ဆီးခဲ့ကြောင်း သိရသည်။



**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀

## ယာဉ်တိမ်းမှောက်မှုဖြစ်ပွား၍ အမျိုးသားလေးဦး ထိခိုက်ဒဏ်ရာရရှိ



**တောင်ကြီး ဖေဖော်ဝါရီ ၁၄** ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွား၍ အမျိုးသားလေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ **(အပေါ်ပုံ)**

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၉ ရက် ည ၉ နာရီခွဲတွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ပစောက်ကွေ့လမ်းဆုံအနီး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၁၁၁ မိုင်အနီး၌ ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁၁၇)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ စံပယ်ပင်ကျေးရွာနေ ဦးအာကာကို(၃၅)နှစ်ဆိုသူ မောင်းနှင်ပြီး အေးသာယာမြို့၊ အမှတ်(၁၂)ရပ်ကွက်နေ ဦးချစ်ကိုကို(၃၂)နှစ်၊ သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာနေ မောင်ထူးနိုင်(၁၇)နှစ်ဆိုသူနှင့် မောင်ဝေလင်းအောင်(၁၈)နှစ်ဆိုသူတို့ လိုက်ပါလာပြီး သစ်လုံးများ တင်ဆောင်လာသည့် ၂၂ ဘီး မော်တော်ယာဉ်သည် တောင်ကြီးမြို့မှ အေးသာယာမြို့ဘက်သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာ အရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်သို့ တိမ်းမှောက်ခဲ့သဖြင့် ဦးအာကာကို(ပါလေးဦး)ဆိုသူတွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့သောကြောင့် အာကာကိုအား တောင်ကြီးနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

မြို့တွင်း
တစ်နာရီ
မိုင်(၃၀)
(၄၈)ကီလိုမီတာထက်
ပိုမမောင်းရ။

## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦးသေဆုံး

**သာစည် ဖေဖော်ဝါရီ ၁၄** မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးခဲ့သည်။ **(အောက်ပုံ)**

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ပေသုံးဆယ်ရပ်ကွက်၊ မိတ္ထီလာ-တောင်ကြီးသွားကားလမ်း မိုင်တိုင်အမှတ် ၃၅ မိုင် ၆ ဖာလုံနှင့် ၇ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ယင်းမာပင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ တောင်ကြီးမြို့နေ ဇော်ဖြိုးဝေ(၃၂)နှစ်ဆိုသူ မောင်းနှင်လာသည့် JINBEI HAISE MINIBUS မော်တော်ယာဉ်သည် မိတ္ထီလာမြို့မှ တောင်ကြီးမြို့ဘက်သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ လမ်းမပေါ်မှ နွားများအား ရှောင်တိမ်းရာမှ အရှိန်မထိန်းနိုင်ဘဲ နွားကျောင်းနေသည့် ပေသုံးဆယ်ရပ်ကွက်နေ ကိုနောင်(ခ)ကျော်နောင်(၄၅)နှစ်ဆိုသူအား ဝင်ရောက်တိုက်မိခဲ့သဖြင့် ကိုနောင်(ခ)ကျော်နောင်ဆိုသူတွင် ထိခိုက်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သောကြောင့် ဇော်ဖြိုးဝေဆိုသူအား ယင်းမာပင်နယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# MSME ထုတ်ကုန်ပြပွဲ နောက်ဆုံးနေ့ဖြစ်သည့်အတွက် ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ MSME လုပ်ငန်းရှင်များနှင့် ရပ်ဝေးရပ်နီးမှပြည်သူများ အများအပြားလာရောက်ကြည့်ရှုလေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် (နေပြည်တော်)ကို နေပြည်တော်ရင်ပြင်၌ ကျင်းပလျက်ရှိရာ ယနေ့ပြပွဲနောက်ဆုံးနေ့ဖြစ်သည့်အတွက် ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ MSME လုပ်ငန်းရှင်များနှင့် ရပ်ဝေးရပ်နီးမှ ပြည်သူများ အများအပြား လာရောက်ကြည့်ရှုလေ့လာကြသည်။

**ပြတ်လပ်သည်အထိ ရောင်းချခဲ့ရ**

ယနေ့ ပြပွဲနောက်ဆုံးနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်များနှင့် တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများ၊ ရိုးရာဝတ်စုံ လက်ကျန်များကို ဈေးနှုန်းအနည်းငယ် ထပ်မံလျှော့ချကာ ရောင်းချပေးခဲ့ကြသည့်အတွက် ပြည်သူများ စိတ်ပါဝင်စားစွာ ရွေးချယ်ဝယ်ယူကြသည်ကို တွေ့ရသည်။

ပြခန်းများရှိ MSME ထုတ်ကုန်များကို ထုတ်လုပ်သူလုပ်ငန်းရှင်များက ဝယ်ယူသူ ပြည်သူများထံ သက်သာသောဈေးနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့်အတွက် ထုတ်ကုန်ပစ္စည်းများ ပြတ်လပ်သည်အထိ ရောင်းချခဲ့ရကြောင်း ပြခန်းတာဝန်ရှိသူများထံမှ သိရသည်။



ထို့အတူ ပြပွဲနောက်ဆုံးနေ့ဖြစ်သည့်အတွက် လုပ်ငန်း/စီးပွားချိတ်ဆက်မှုများ (Business Matching) ပြခန်းများ၊ ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေသည့် ပြခန်းများ၌ လေ့လာသူ၊ လုပ်ငန်းချိတ်ဆက် ဆောင်ရွက်သူများဖြင့် စည်ကားခဲ့သည်။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၈ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ပြခန်းပေါင်း ၁၂၀ ကျော်နှင့် ပြင်ပကုမ္ပဏီ ၂၉ ခုတို့က ပါဝင်ပြသရောင်းချခဲ့ကြကြောင်း သိရသည်။

သတင်း - မင်းကျော်စွာ

ဓာတ်ပုံ - ဖိုးပြည့်စုံ

# အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး တရုတ်နိုင်ငံသား ငါးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၁၄

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်များအတွင်းသို့ တရားမဝင်လမ်းကြောင်းများမှ တစ်ဆင့် ဝင်ရောက်နေကြသည့် တရုတ်နိုင်ငံသား ငါးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။



အဆိုပါပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးစံရွှေနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၂၀၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ယင်းတို့အနက်မှ ၁၃၁၁၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၁၀၈၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ယင်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## မကြီးကုန်းလေး(မူလွန်)တွင် အသိပညာပေး ဟောပြောပွဲနှင့် ပြပွဲ ဆောင်ရွက်

**မြို့သစ် ဖေဖော်ဝါရီ ၁၄**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာ ဗဟုသုတ ရရှိစေရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက်၊ အသိပညာပေး ဟောပြောပွဲနှင့်ပြပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ဆင်ဖြူချီကျေးရွာအုပ်စု၊ မကြီးကုန်းလေးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပခဲ့သည်။

အသိပညာပေး ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိစွန်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အားလပ်ချိန်များတွင် တယ်လီဖုန်းသုံးစွဲမှု အလွန်အကျွံမသုံးစွဲမိစေရန်၊ ဂိမ်းဆော့ခြင်း များ မပြုလုပ်ကြရန်နှင့် ကျောင်းစာကြည့်တိုက်မှ စာအုပ်၊ စာပေများကို အကျိုးရှိစွာ ဖတ်ရှုအသုံးချကြရန် အသိပညာပေး ဟောပြော ဆွေးနွေးခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာပေး စာအုပ်၊ စာစောင်များ၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ နံရံကပ်စာစောင်နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ နံရံကပ်စာစောင်များ ပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။



(အောက်ပုံ)

ဝင်းအိစွန်(ပြန်/ဆက်)

*-*-*-*-*-*-*

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၅)အနိုင်၊ အရှုံး | | | |
|---|---|---|---|
| ကိုမို | ၁ | ၂ | ဖီအိုရင်တီးနား |
| လာဇီယို | ၀ | ၂ | အတ္တလန္တာ |

| ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၂)အနိုင်၊ အရှုံး | | | |
|---|---|---|---|
| လေဗာကူဆင် | ၄ | ၀ | စိန့်ပေါလီ |
| ဟမ်းဘတ် | ၃ | ၂ | ယူနီယံဘာလင် |
| ဝါဒါဘရီမင် | ၀ | ၃ | ဘိုင်ယန်မြူးနစ် |
| စတုဂတ် | ၃ | ၁ | ကိုလုံး |

| အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၂)အနိုင်၊ အရှုံး | | | |
|---|---|---|---|
| ဒါဘီ | ၂ | ၀ | ဆွမ်ဆီး |
| ကျူပီအာ | ၁ | ၃ | ဘလက်ဘန်း |

| ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၂) အနိုင်၊ အရှုံး | | | |
|---|---|---|---|
| မာဆေးလ် | ၂ | ၂ | စထရာဘော့စ် |

# နိုင်ငံတကာ အားကစား သတင်းများ

## 2026 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Tomas Martin တက်ရောက်



**လန်ဒန် ဖေဖော်ဝါရီ ၁၄**

အာဂျင်တီးနားနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ အိမ်ရှင် အာဂျင်တီးနား တင်းနစ်ကစားသမား Tomas Martin တက်ရောက်ခဲ့သည်။

အဆိုပါ အာဂျင်တီးနားတင်းနစ်ကစားသမား Tomas Martin သည် 2026 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ချီလီတင်းနစ်ကစားသမား Alejandro Tabilo အား ၁-၆၊ ၆-၃၊ ၆-၄ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အာဂျင်တီးနားတင်းနစ်ကစားသမား Tomas Martin နှင့် တစ်နိုင်ငံတည်းနေသူတင်းနစ်ကစားသမား Francisco Cerundolo တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(အပေါ်ဝဲပုံ) (NGB)**

## စတာလင်အား ဖိယင်နုအသင်း ခေါ်ယူ

**လန်ဒန် ဖေဖော်ဝါရီ ၁၄**

နယ်သာလန်ကလပ် ဖိယင်နုအသင်းသည် အသင်းလက်မဲ့ဖြစ်နေသော ဝါရင့် တောင်ပံကစားသမား စတာလင်အား ရာသီကုန်အထိ စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တောင်ပံကစား



သမားသည် ကစားသမားဘဝ တစ်လျှောက်တွင် ချဲလ်ဆီး၊ လီဗာပူး၊ မန်စီးတီး၊ အာဆင်နယ် စသည့်ကလပ်အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ဖိယင်နုအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၁)နှစ်အရွယ်ရှိ စတာလင်က "ကျွန်တော် ဖိယင်နုအသင်းသို့ ရောက်ရှိခဲ့ပါပြီ။ နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဖိယင်နုအသင်းရဲ့ တန်ဖိုးရှိတဲ့ ကစားသမားတစ်ယောက်ဖြစ်အောင်လည်း ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(ဝဲပုံ) (NGB)**

## အူဘာမီကာနို ဘိုင်ယန်မြူးနစ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မြူးနစ် ဖေဖော်ဝါရီ ၁၄**

ဘိုင်ယန်မြူးနစ်အသင်းသည် အသင်းနောက်ခံကစားသမား အူဘာမီကာနိုကို ၂၀၃၀ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၈၀ပွဲကစားပြီး ခြောက်ဂိုးထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ အူဘာမီကာနိုက "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ ယခုနှစ်ဘောလုံးရာသီမှာ ဆုဖလားတွေ ရယူသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။ **(အောက်ပုံ) (NGB)**




## စတန်ကိုဗစ်အား ခေါ်ယူရန် အာဆင်နယ်အသင်းနှင့် ချဲလ်ဆီးအသင်းတို့ အပြိုင်စိတ်ဝင်စား


**လန်ဒန် ဖေဖော်ဝါရီ ၁၄**

ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် အာဆင်နယ်အသင်းနှင့် ချဲလ်ဆီးအသင်းတို့သည် ကလပ်ဘရုဂေးအသင်း ကွင်းလယ်ကစားသမား စတန်ကိုဗစ်အား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၀)အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ကလပ်ဘရုဂေးအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၆ပွဲကစားပြီး ခုနစ်ဂိုး သွင်းယူကာ ခြေစွမ်းပြထားသလို၊ အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရမှုကြောင့် ပရီးမီးယားလိဂ်ကလပ်အသင်းများက အပြိုင်ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ကလပ်ဘရုဂေးအသင်းကလည်း စတန်ကိုဗစ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် အာဆင်နယ်အသင်းနှင့် ချဲလ်ဆီးအသင်းတို့အနေဖြင့် ကလပ်ဘရုဂေးအသင်းထံမှ စတန်ကိုဗစ်အား မည်သည့်အသင်းက ခေါ်ယူနိုင်မည်လည်းဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။




**(အပေါ်ပုံ) (NGB)**

## အိုဒိုဘတ် ဒူးအရွတ်ဒဏ်ရာကြောင့် ကာလရှည်အနားယူရဖွယ်ရှိ

**လန်ဒန် ဖေဖော်ဝါရီ ၁၄**

စပါးအသင်း တောင်ပံကစားသမား အိုဒိုဘတ်သည် ဒူးအရွတ်ဒဏ်ရာကြောင့် ကာလရှည်အနားယူရဖွယ်ရှိနေသည်။



အဆိုပါ တောင်ပံကစားသမားသည် စပါးအသင်းက နယူးကာဆယ်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

တောင်ပံကစားသမား အိုဒိုဘတ်သည် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် စပါးအသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၁)နှစ်အရွယ်ရှိ အိုဒိုဘတ်သည် စပါးအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၄ပွဲကစားပြီး ငါးဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

**(ဝဲပုံ) (NGB)**

### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၈) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၅-၂-၂၀၂၆ တနင်္ဂနွေနေ့ | ညနေ၃း၃၀နာရီ | (၄)ဟံသာဝတီ - မဟာ(၅) (L,L,W,D,W) (D,W,W,D,D) | ဟံသာဝတီ ၃-၂ မဟာ / မဟာ ၂-၃ ဟံသာဝတီ |
| ၁၅-၂-၂၀၂၆ တနင်္ဂနွေနေ့ | ညနေ၄း၀၀နာရီ | (၁၂)ရာဖည - ISPE (၆) (L,D,L,L,L) (D,L,L,D,L) | ——— |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၅) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၅-၂-၂၀၂၆ ညနေ ၆း၀၀နာရီ | (၉) အူဒီးနီစ် - ဆက်ဆူအိုလို (၁၁) (D,L,W,W,L) (L,L,W,W,L) | အူဒီးနီစ် ၂-၂ ဆက်ဆူအိုလို / ဆက်ဆူအိုလို ၁-၁ အူဒီးနီစ် |
| ၁၅-၂-၂၀၂၆ ည ၈း၃၀နာရီ | (၁၆) ခရီမိုနီစီ - ဂျီနိုအာ (၁၅) (L,D,L,L,L) (W,D,W,L,L) | ——— |
| ။ | (၁၄) ပါးမား - ဗီရိုနာ (၂၀) (D,D,L,L,W) (L,D,L,L,D) | ပါးမား ၂-၃ ဗီရိုနာ / ဗီရိုနာ ၀-၀ ပါးမား |
| ၁၅-၂-၂၀၂၆ ည ၁၁း၃၀နာရီ | (၁၃) တိုရီနို - ဘိုလော့ဂ်နာ (၁၀) (L,L,W,L,D) (L,W,L,L,L) | တိုရီနို ၀-၂ ဘိုလော့ဂ်နာ / ဘိုလော့ဂ်နာ ၃-၂ တိုရီနို |
| ၁၆-၂-၂၀၂၆ နံနက် ၀၂း၁၅နာရီ | (၃) နာပိုလီ - ရိုးမား (၅) (L,L,W,W,L) (W,D,D,L,W) | နာပိုလီ ၁-၀ ရိုးမား / ရိုးမား ၁-၁ နာပိုလီ |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၅-၂-၂၀၂၆ ည ၇း၃၀နာရီ | (၂၀) အိုဗီဒို - ဘီလ်ဘာအို (၁၀) (D,D,L,L,W) (L,D,W,W,L) | ——— |
| ၁၅-၂-၂၀၂၆ ည ၉း၄၅နာရီ | (၁၈) ဗယ်လက်ကာနို - အက်သလက်တီကို (၃) (W,L,L,L,L) (L,D,W,L,W) | ဗယ်လက်ကာနို ၁-၁ အက်သလက်တီကို / အက်သလက်တီကို ၃-၀ ဗယ်လက်ကာနို |
| ၁၆-၂-၂၀၂၆ နံနက် ၀၀း၀၀နာရီ | (၁၉) လီဗန်တေး - ဗလင်စီယာ (၁၇) (D,L,W,D,L) (W,W,L,L,L) | လီဗန်တေး ၃-၄ ဗလင်စီယာ / ဗလင်စီယာ ၁-၁ လီဗန်တေး |
| ၁၆-၂-၂၀၂၆ နံနက် ၀၂း၃၀နာရီ | (၁၆) မာယော့ကာ - ဘက်တစ် (၅) (L,W,L,W,L) (L,W,W,L,W) | မာယော့ကာ ၀-၁ ဘက်တစ် / ဘက်တစ် ၁-၂ မာယော့ကာ |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၂) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၅-၂-၂၀၂၆ ည ၉း၀၀နာရီ | (၁၃) အော့စ်ဘတ် - ဟိုင်ဒန်ဟိမ်း (၁၈) (D,D,W,W,L) (L,D,L,L,L) | အော့စ်ဘတ် ၂-၁ ဟိုင်ဒန်ဟိမ်း / ဟိုင်ဒန်ဟိမ်း ၄-၀ အော့စ်ဘတ် |
| ၁၅-၂-၂၀၂၆ ည ၁၁း၀၀နာရီ | (၄) လိုက်ပဇစ် - ဝုဖ်ဘတ် (၁၅) (W,D,L,W,L) (W,D,L,L,L) | လိုက်ပဇစ် ၁-၅ ဝုဖ်ဘတ် / ဝုဖ်ဘတ် ၂-၃ လိုက်ပဇစ် |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၂) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၅-၂-၂၀၂၆ ည ၈း၃၀နာရီ | (၁၃) လီဟာဗာ - တူးလော့စ် (၈) (W,D,D,L,W) (W,W,D,W,L) | လီဟာဗာ ၁-၄ တူးလော့စ် / တူးလော့စ် ၂-၀ လီဟာဗာ |
| ၁၅-၂-၂၀၂၆ ည ၁၀း၄၅နာရီ | (၁၁) လိုရီးယန့် - အန်ဂါးစ် (၉) (W,W,W,W,L) (L,L,D,W,W) | လိုရီးယန့် ၀-၀ အန်ဂါးစ် / အန်ဂါးစ် ၁-၂ လိုရီးယန့် |
| ။ | (၁၈) မက်ဇ် - အော်ဇေး (၁၆) (L,L,L,L,D) (L,L,L,D,D) | ——— |
| ၁၆-၂-၂၀၂၆ နံနက် ၀၂း၁၅နာရီ | (၃) လိုင်ယွန် - နိစ် (၁၄) (W,W,W,W,W) (W,L,D,W,D) | လိုင်ယွန် ၄-၁ နိစ် / နိစ် ၀-၂ လိုင်ယွန် |

# ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ပြည်တွင်းခရီးသွားဧည့်သည်လာရောက်မှုများဖြင့် စည်ကား

**ညောင်ဦး ဖေဖော်ဝါရီ ၁၄**

ရှုံးပိတ်ရက်၊ ကျောင်းပိတ်ရက် ၆ ရက် ပိတ်ခြင်းနှင့်အတူ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အထင်ကရ သမိုင်းဝင်ဘုရား၊ ပုထိုး၊ သာသနိက အဆောက်အအုံများတွင် ပြည်တွင်းဘုရားဖူး ဧည့်သည်များ အလွန်များပြားစွာ လာရောက်လျက်ရှိကြောင်း ရွှေစည်းခုံဘုရား ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ တာဝန်ရှိသူများထံမှ သိရသည်။



ရှုံးပိတ်ရက်၊ ကျောင်းပိတ်ရက် ၆ ရက်ပိတ်ခြင်းနှင့်အတူ မြန်မာပြည်အရပ်ရပ်မှ လှေလာရေး ဘုရားဖူးလာရောက်သူများသည် သမိုင်းဝင်စေတီ၊ ပုထိုးများဖြစ်သည့် ပုဂံ-ညောင်ဦးဘက်ခြမ်းရှိ စွယ်တော်သုံးဆူ၊ မဟာ ငှက်ပစ်တောင်စေတီ၊ ထီးလိုမင်းလိုဘုရား၊ အာနန္ဒာဘုရား၊ မဟာဗောဓိဘုရား၊ ဗူးဘုရား၊ ကန်တော့ပလ္လင်ဘုရား၊ ဓမ္မဂ်ဘုရားဝင်း၊ သကြားပုန်းဘုရား၊ ရွှေလိပ်တူးဘုရား၊ သဗ္ဗညုဘုရား၊ ငကြွဲနားချောင်းဘုရား၊ ပုထိုးသားများဘုရား၊ ဆင်များရှင်ဘုရား၊ မနူဟာဘုရား၊ ဓမ္မရာဇကဘုရား၊ ရှင်အဓ္ဓဂေါဏဘုရား၊ ဓမ္မရံကြီးနှင့် စူဠာမဏိဘုရားများတွင် လာရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွားဘုရားဖူးဧည့်သည်များ ပြားလျက်ရှိသည်။

ပွဲတော်အချိန်ခါမဟုတ်သည့် (အခါကြီးရက်ကြီး)အချိန်မှာပင် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် ပြည်တွင်း၊ ပြည်ပခရီးသွားများ အဆက်မပြတ်လာရောက်လည်ပတ်ကြသည့် မြို့ဖြစ်ကာ သီတင်းကျွတ်ရှုံးပိတ်ရက်၊ တန်ဆောင်တိုင်ရှုံးပိတ်ရက်၊ ဒီဇင်ဘာရှုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များ၌ ပုဂံဒေသတွင် အလွန်ရှေးကျပြီး ပကတိအတိုင်း ယနေ့တိုင်ရှိနေသေးသည့် ဘုရား၊ ပုထိုး၊ သာသနိကအဆောက်အအုံများ၊ အုတ်ရိုး၊ နန်းမြို့ရိုး၊ အုတ်ပုံများနှင့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း နေရာစိပ်စိပ်နှင့် လက်ညှိုးထိုးမလွဲတစ်နေရာနှင့် တစ်နေရာမဝေးကွာဘဲ တစ်ဆက်တစ်စပ်တည်း ဘုရား၊ ပုထိုးများကို ဖူးမြော်နိုင်ခြင်း၊ ပြည်တွင်း၊ ပြည်ပခရီးသွားများကို အလွန်ပင် ဆွဲဆောင်လှကြောင်း၊ ပုဂံဒေသသို့ ထပ်ကာထပ်ကာ လာချင်စိတ်ဖြစ်စေကြောင်း ရန်ကုန်မြို့မှ အဖွဲ့လိုက် ဘုရားဖူးလာရောက်ကြသည့် မစန္ဒာလှိုင်က ပြောသည်။

ဘုရားဖူးများ၊ ခရီးသွားပြည်တွင်း၊ ပြည်ပခရီးသွားများ အမြဲတမ်းမပြတ်ရှိနေခြင်းက ပုဂံ-ညောင်ဦး ရှေးဟောင်းနယ်မြေကို တန်ဖိုးထားလို့သာ ထပ်ကာထပ်ကာ လာရောက်ကြကြောင်း မြင်းခြံမြို့မှ ဘုရားဖူးလာရောက်သည့် ဦးဇေယျာအောင်က ပြောသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ လှေလာရေးဘုရားဖူးခရီးသွားများ ဖေဖော်ဝါရီ ၁၂ ရက်မှစတင်၍ နေ့စဉ် တစ်သိန်းကျော်ဝင်ရောက်လျက်ရှိကာ ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာများတွင် ဘုရားဖူးများပြည့်နေခြင်း၊ စားသောက်ဆိုင်များ၊ ပြည်တွင်းဧည့်ကားအငှားလိုက်သူများ၊ မြင်းလှည်းအငှားလိုက်သူများ၊ မီနီအိုးဝေ အငှားထောင်ထားသူများ၊ ပြည်တွင်းဧည့်လမ်းညွှန်များ၊ ဒေသထွက်ပစ္စည်းရောင်းချသည့်ဆိုင်များ နေ့စဉ်ရောင်းဝယ်ဖောက်ကားမှုများဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၈၁)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အမျိုးသားဆံသသင်တန်း(အခမဲ့)သင်တန်းဆင်း

**ကန့်ဘလူ ဖေဖော်ဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် ကန့်ဘလူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သည့် အမျိုးသားဆံသသင်တန်း(အခမဲ့) ဆင်းပွဲကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တေဇခန်းမ၌ ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

ရှေးဦးစွာ သင်တန်းဆင်းပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင်က သင်တန်းဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး သင်တန်းသားများအနေဖြင့် သင်တန်းမှ သင်ကြားပေးသည့် ပညာရပ်များကို ဆက်လက်ဆည်းပူးလေ့လာသွားကြရန်နှင့် မိသားစုစီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန်နှင့် ပြန်လည်အသုံးချနိုင်အောင် ကြိုးစားသွားကြရန် မှာကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာအား ဂုဏ်ပြုမှတ်တမ်းလွှာ၊ သင်တန်းစရိတ် ထောက်ပံ့ငွေ ကျပ်နှစ်သိန်း၊ ဆံပင်ညှပ်ကိရိယာနှင့်ဆက်စပ်ပစ္စည်းများ၊ သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်၊ ဆံပင်ညှပ်ကိရိယာနှင့် ဆက်စပ်ပစ္စည်းများကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင်နှင့်တာဝန်ရှိသူများက အသီးသီးချီးမြှင့်ပေးအပ်သည်။ အဆိုပါသင်တန်းသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ခိုင်ဦးနှင့် အဖွဲ့ဝင်များ၊ သင်တန်းနည်းပြဆရာနှင့် သင်တန်းသား ၃၅ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

# လျှပ်စစ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သော နေအိမ်အဆောက်အအုံများအတွက် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ဆက်လက်ပေးအပ်

**မန္တလေး ဖေဖော်ဝါရီ ၁၄**

မန္တလေး၊ မဟာအောင်မြေ မြို့နယ်၊ မဟာမြိုင်ရပ်ကွက်(၂)၌ ယမန်နေ့ နံနက် ၁၀ နာရီက နိုင်ငံတော်မှ ထောက်ပံ့ပေးအပ်သည့် မန္တလေးလျှပ်စစ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သော နေအိမ်အဆောက်အအုံများအတွက် (၁၈)ရပ်ကွက်အတွင်းရှိ ကျန်ရှိနေသေးသော ပြည်သူများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှကြီးမှူး၍ မဟာမြိုင်ရပ်ကွက်(၂)အုပ်ချုပ်ရေးမှူးရုံး၌ ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ ထောက်ပံ့ပေးအပ်ရာတွင် မဟာအောင်မြေမြို့နယ် (၁၈)ရပ်ကွက်အတွင်းရှိ မန္တလေးလျှပ်စစ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော တစ်စိတ်တစ်ပိုင်းနှင့် လုံးဝပျက်စီး တစ်ထပ်တိုက်၊ နှစ်ထပ်တိုက်၊ သုံးထပ်တိုက်နေအိမ်များအတွက် သွပ်၊ ဘိလပ်မြေ၊ သံချောင်းနှင့် ငွေသားချက်လက်မှတ်များအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များက မိသားစုဝင်ပြည်သူများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၅၆)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



စိမ်းလန်းစိုပြည်လှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကို စောင့်ရှောက်စို့။

# သပြေပန်းစိုက်ပျိုးရောင်းချသူများ နေ့စဉ်ဝင်ငွေရသဖြင့် မိသားစုစားဝတ်နေရေးအဆင်ပြေ

**ကျောက်ဆည် ဖေဖော်ဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ မိသားစုအပိုဝင်ငွေရရှိရေးအတွက် မြေယာပိုင်ဆိုင်သူအချို့သည် တစ်နိုင်တစ်ပိုင် သီးပင်၊ စားပင်များနှင့် ပန်းအမျိုးစုံ စိုက်ပျိုးရောင်းချခြင်းများ ဆောင်ရွက်လျက်ရှိရာ သင်းတောင်းကျေးရွာမှ ဒေါ်သီတာအေး စိုက်ပျိုးထားသော သပြေပင်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး သပြေပန်းစိုက်ပျိုးရောင်းချခြင်းဖြင့် နေ့စဉ်ဝင်ငွေရရှိကာ မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိသည်။

သပြေပန်းပင်သည် တစ်ကြိမ်စိုက်ပျိုးထားပါက စိုက်ပျိုးပြီး တစ်နှစ်သားအရွယ်တွင် နေ့စဉ်ကိုင်းအညွှန့်များအား စတင်ဖြတ်တောက် ရောင်းချနိုင်ကြောင်း၊ သပြေပန်းသည် မြန်မာလူမျိုးတို့၏ အောင်အတိတ်အောင်နမိတ်၊ အောင်ပန်းဖြစ်သည့်အတွက် ဘုရားပွဲ၊ နတ်ပွဲနှင့် ဘုရားပန်းကပ်လှူရာ၌ မပါမဖြစ်ပန်းတစ်မျိုးဖြစ်သည့်အတွက် စိုက်ပျိုးရောင်းချသူများ အဆင်ပြေလျက်ရှိကြောင်း တစ်နိုင်တစ်ပိုင် သပြေပန်း အပင် ၂၀၀ စိုက်ပျိုးထားသည့် ပန်းစိုက်ပျိုးရောင်းချသူ မသီတာအေးက ပြောသည်။

သပြေပန်းစိုက်ပျိုးရောင်းချသူများအနေဖြင့် ပန်းကိုင်းအညွှန့်ဖြတ်တောက်ရောင်းချခြင်းနှင့် သပြေငုတ်ပြုလုပ်၍ တူးဖော်ရောင်းချခြင်းဟူ၍ နှစ်မျိုးရှိကြောင်း၊ ပန်းအညွှန့်ဖြတ်တောက်ရောင်းချသူများအနေဖြင့် သပြေပန်းပင် စိုက်ပျိုးပါက လေဝင်လေထွက်ကောင်းမွန်ပြီး အကိုင်းအညွှန့်များဖြာဝေကာ သန်မာလှပစေရန်အတွက် တစ်ပင်နှင့်တစ်ပင် ၁၀ ပေခြားကာ စိုက်ပျိုးကြကြောင်း၊ ရေကြိုက်နှစ်သက်သောကြောင့် မြေပေါင်များပြုလုပ်၍ စိုက်ရပြီး ကုန်ကျစရိတ်နှင့် သွင်းအားစုနည်းပါးကာ အကျိုးအမြတ်များသောကြောင့် စိုက်ပျိုးသင့်သည့် ပန်းတစ်မျိုးဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၀)



## စပေါင်းထမနဲထိုးပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၁၄**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် စပေါင်းထမနဲထိုးပြိုင်ပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် တောင်တွင်းကြီးမြို့ ရှေးဟောင်းသမိုင်းဝင် အောင်မြင်ဇေယျရရှိင်ဘုရားကြီးဝန်း၌ ဖျော်ဖြေရေးအဖွဲ့များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ နယ်မြေခံတပ်မှူး၊ ဗိုလ်မှူးကြီး ကျော်သန်းဆွေ၊ ဒုတိယဗိုလ်မှူးကြီး သိန်းထွဋ်၊ ဒုတိယဗိုလ်မှူးကြီး အောင်မျိုးဟိန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဖိတ်ကြားထားသူများ၊ ရပ်ကွက်အသီးသီးမှ ပြိုင်ပွဲဝင်အသင်းသားများနှင့် ပြည်သူများ တက်ရောက်ခဲ့ကြသည်။



အဆိုပါ ပြိုင်ပွဲတွင် တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ၊ ရပ်ကွက်၊ ကျေးရွာများမှ ပြိုင်ပွဲဝင်အဖွဲ့များဖြစ်ကြသည့် မြို့နယ်ပညာရေးမှူးရုံး၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ အုန်းတော(၁)ရပ်ကွက်၊ အုန်းတော(၂)ရပ်ကွက်၊ ရွှေကြာအင်း(၁)ရပ်ကွက်၊ မောင်းတိုင်(၂)ရပ်ကွက်၊ တောင်ပြင်(၂)ရပ်ကွက်၊ ရွှေအိုး(၂)ရပ်ကွက်၊ တရုတ်ကောကျေးရွာအုပ်စုနှင့် အောင်းစုကျေးရွာအုပ်စုတို့ ယှဉ်ပြိုင်ခဲ့ကြရာ အမှတ်ပေးဒိုင်အဖွဲ့က ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများဖြစ်သည့် ကြိုတင်ပြင်ဆင်မှု၊ စည်းကမ်းလိုက်နာမှု၊ စည်းလုံးညီညွတ်မှု၊ နည်းစနစ်မှန်ကန်မှုနှင့် သန့်ရှင်းသပ်ရပ်မှုတို့ကို စိစစ်အမှတ်ပေးခဲ့ကြပြီး ထမနဲထိုးပြိုင်ပွဲ စတင်ကျင်းပဆောင်ရွက်ခဲ့ပြီး ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ဧည့်ပရိသတ်များက အိုးစည်ဒိုးပတ်များတီး၍ အားပေးကြည့်ရှုခဲ့ကြသည်။

ထို့နောက် နယ်မြေခံတပ်မှူး ဗိုလ်မှူးကြီးကျော်သန်းဆွေ၊ ဒုတိယဗိုလ်မှူးကြီး သိန်းထွဋ်၊ ဒုတိယဗိုလ်မှူးကြီး အောင်မျိုးဟိန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြိုင်ပွဲဝင်အဖွဲ့များ၏ ပျော်ရွှင်စွာ စပေါင်းထမနဲထိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။ ဆက်လက်၍ ပထမဆုရရှိသည့် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ဒုတိယဆုရရှိသည့် အုန်းတော(၁)ရပ်ကွက်၊ တတိယဆုရရှိသည် မြို့နယ်ပညာရေးမှူးရုံး၊ နှစ်သိမ့်ဆုများရရှိသည့် မောင်းတိုင်(၂)ရပ်ကွက်၊ တောင်ပြင်(၂)ရပ်ကွက်၊ ရွှေအိုး (၁)ရပ်ကွက်၊ ရွှေကြာအင်း(၁)ရပ်ကွက်၊ အုန်းတော(၂)ရပ်ကွက် ဆုရရှိသည့်အဖွဲ့များအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**နောင်နောင်(ဗိဿနိုးမြေ)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



## ငှက်ပျောဈေးကွက် ကောင်းမွန်လာသဖြင့် တိုးချဲ့စိုက်ပျိုးလုပ်ကိုင်သူ များပြားလာ

**မြစ်သား ဖေဖော်ဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်ကျေးလက်ဒေသများတွင် ကင်းတားရေလွှဲဆည်ရေနှင့်မြေအောက်ရေကိုအမှီပြုကာ ငါးဆူအုပ်စု၊ ရွှေကြာအင်းကျေးရွာ တောင်သူဦးဝင်းမောင်၏ ဖီးကြမ်းငှက်ပျောစိုက်ခင်း အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ ဖီးကြမ်းငှက်ပျောဈေးကောင်းမွန်လာသည့်အတွက် ဖီးကြမ်းငှက်ပျောစိုက်ပျိုးရေးလုပ်ငန်းကို ယခုနှစ်တွင် ပိုမိုတိုးချဲ့စိုက်ပျိုးလုပ်ကိုင်သူများလာကြောင်း ဒေသခံ တောင်သူများထံမှ သိရသည်။

ငှက်ပျောသီးနှံစိုက်ပျိုးရေးလုပ်ငန်းသည် သားတက်ဖြင့်မျိုးပွားခြင်း၊ အပင်တစ်သျှူးမျိုးပွားခြင်းစသည့် နည်းလမ်းများဖြင့် မျိုးပွား၍ စိုက်ပျိုးနိုင်သည်။ သားတက်ကို အပင်ခြေမှ ၂ ပေခန့်ချန်၍ ၃၊ ၄ ရက်ခန့် အရိပ်အောက်မှာ ခေတ္တအခြောက်ခံထားပြီး စိုက်ပျိုးချိန်တွင် စိုက်ပျိုးမည့်ကျင်းအတွင်း စပါးခွံ၊ မြေဆွေး၊ သစ်ရွက်ဆွေး၊ နွားချေးတို့ကို မြေသားနှင့်ရောနှော၍ စိုက်ပျိုးရသည်။

ငှက်ပျောစိုက်ပျိုးပြီးချိန် ပေါင်းမြက်များ ရှင်းလင်းရာတွင်လည်း ငှက်ပျောပင်၏ အမြစ်ထိခိုက်မှုမရှိစေရန် အထူးဂရုပြုရှင်းလင်းဆောင်ရွက်ပေးခြင်း၊ မိုးရာသီကာလရေစိမ့်ဆင်းမှုကောင်းစေရန် အပင်ခြေရေမဝပ်အောင် ငှက်ပျောပင်စည်ခြေကို မြေဖို့ခြင်း၊ ခြောက်သွေ့ဆွေးမြေ့နေသော အရွက်များကို စနစ်တကျ ဖယ်ရှားရှင်းလင်းပေးခြင်း စသည်တို့ဖြင့် ငှက်ပျောပင်များအား စိုက်ပျိုးထားသင့်သည်။

မြစ်သားမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် တစ်နှစ်ပတ်လုံးစိုက်ပျိုးရေးလုပ်ကိုင်လျက်ရှိရာ အဓိကစိုက်ပျိုးသည့်သီးနှံများဖြစ်သော စပါး၊ နှမ်း၊ ကုလားပဲ၊ ပဲတီစိမ်း၊ နေကြာ၊ မြေပဲသီးနှံ၊ ကြက်သွန်နှင့် စားပင်သီးနှံမျိုးစုံတို့ကို စိုက်ပျိုးကြကြောင်း စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရာ၌ ဝင်ငွေများ တိုးပွားစေရန်အတွက် ဖီးကြမ်းငှက်ပျောစိုက်ပျိုးလုပ်ငန်းကိုလည်း လုပ်ကိုင်လျက်ရှိရာ ဖီးကြမ်းငှက်ပျောက ဈေးကွက်မှာစားသုံးသူများ အကြိုက်တွေ့သဖြင့် ဈေးလည်းပိုရရှိသည့်အပြင် လှည်းတစ်စီး ၄၀ ဆယ်ခိုင်ပါဈေးနှုန်းမှာ ငွေကျပ် ရှစ်သိန်း ရောင်းချရကြောင်း ဒေသခံငှက်ပျောစိုက်ပျိုးတောင်သူက ပြောသည်။

(အပေါ်ပုံ)

**ဝါဝါမြင့်(မြစ်သား)**

## မနဒေသ ပင်းတယမြို့တော်ဂုဏ်ဆောင် ရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရား ဗုဒ္ဓပူဇနိယဘုရားတပေါင်းပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ပင်းတယ ဖေဖော်ဝါရီ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ အနောက်တောင်တန်းအလယ်၌တည်ရှိသော ကမ္ဘာကျော်ရှေးဟောင်းသမိုင်းဝင်ရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရား ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်အား ယခု ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၃ရက်အထိ ခြောက်ရက်တိုင်တိုင်စည်ကားသိုက်မြိုက်စွာ ကျင်းပပေးသွားမည် ဖြစ်သည်။

အဆိုပါ ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်တွင် ရွှေဥမင်သဘာဝလိုဏ်ဂူတော်အတွင်းရှိ ရှေးဟောင်းစေတီပုထိုးတော်ဗုဒ္ဓရုပ်ပွားတော်မြတ် ၈၀၉၄ ဆူနှင့်ပရိဂုဏ်အတွင်းရှိ စေတီပုထိုးရုပ်ပွားတော်မြတ်ဘုရားများအား အနေကဇာတင်ခြင်း၊ တပေါင်းအောင်မြေစေတီပုထိုးတော်မြတ်များအား အဖိတ်နေ့တွင် ဆွမ်းတော်ကြီးလောင်းလှူပူဇော်ခြင်း၊ ဆရာတော်၊ သံဃာတော်ရဟန်းရှင်သာမဏေများအား ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ခြင်းအစရှိသည့် ပူဇော်ပွဲများနှင့် ဓနုတိုင်းရင်းသားအကအလှပြိုင်ပွဲများအစရှိသည့်ပွဲများအား ကျင်းပ၍ တပေါင်းလဆန်း ၁၁ရက်နှင့်၁၂၊ ၁၃ရက်ညများတွင် ဇာတ်ပွဲများဖြင့် ကပြဖျော်ဖြေသွားမည်ဖြစ်သည်။

ဓနုဒေသ ပင်းတယမြို့တော်ဂုဏ်ဆောင်ရွှေဥမင်ဘုရားတပေါင်းပွဲတော်ကျင်းပရာ၌ ကုန်ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်လူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့ လာရောက်ရောင်းချကြသူများအနေဖြင့် ပွဲတော်ဖြစ်မြောက်ရေးကော်မတီထံသို့ သွားရောက်စာရင်းပေးသွင်း၍ ဆိုင်ခန်းများဆောက်လုပ်ရောင်းချခွင့်ပြုသွားမည်ဖြစ်ကြောင်းနှင့် ရွှေပွဲတော်လာဒေသနေ ဓနု၊ တောင်ရိုး၊ ပအိုဝ်း၊ ပလောင်၊ ရှမ်း၊ အင်းသျှား၊ ဗမာအစရှိသော တိုင်းရင်းသားမိတ်ပြည်သူများနှင့် ရပ်နီးရပ်ဝေးဘုရားဖူးများအနေဖြင့် ကုသိုလ်ပြုနိုင်ရန် စည်ကားသိုက်မြိုက်စွာ ဦးစီးကျင်းပပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

(၃၃၈)

## ထန်ပါခွေဒေသထွက် လက်ရက်ထည်များ ဈေးကောင်းရနေ

နာဂဒေသ၊ ထန်ပါခွေဒေသထွက် လက်ရက်ထည်များ ဈေးကောင်းရနေကြကြောင်း ဒေသခံများထံမှ သိရသည်။

ထန်ပါခွေမြို့တွင် နာဂရိုးရာအသုံးအဆောင်ပစ္စည်းများဖြစ်သော ခြုံစောင်၊ လည်စည်းပဝါ၊ ခေါင်းပေါင်း၊ လွယ်အိတ်များ ရက်လုပ်လျက်ရှိရာ ဈေးကောင်းရနေသည့်အတွက် ရက်လုပ်သူများလာသည်။

ရိုးရာခြုံစောင်၊ လည်စည်းပဝါ၊ ခေါင်းပေါင်း၊ လွယ်အိတ်များ ရက်လုပ်ရာတွင် အကြီး၊ အသေးပေါ်မူတည်၍ ၁၀ရက်မှ ၁၅ ရက်အထိ ကြာမြင့်ပြီး ကုန်ကြမ်းပစ္စည်းချည်လုံးများကို အိန္ဒိယနိုင်ငံမှ အများဆုံးဝယ်ယူရသည်။

ထန်ပါခွေမြို့တွင် ခြုံစောင်တစ်ထည်လျှင် ကာလပေါက်ဈေး ငွေကျပ် ၇၀၀၀၀မှ ၁၀၀၀၀၀ ကျော်အထိရရှိပြီး ကျန်အသုံးအဆောင်ပစ္စည်းများမှာ ငွေကျပ် ၃၀၀၀၀မှ ၆၀၀၀၀ အထိ ဈေးနှုန်းများ ရရှိကြောင်း ထန်ပါခွေမြို့နေ ဒေသခံပြည်သူ ဒေါ်လုရှားက ပြောသည်။

(၁၉၄)

## စားသောက်ဆိုင်လုပ်ငန်းများ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**ညောင်ဦး ဖေဖော်ဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့ပေါ်ရှိ စားသောက်ဆိုင်လုပ်ငန်းများ မီးဘေးလုံခြုံစေရန်နှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၁ နာရီက ဒုတိယမီးသတ်ဦးစီးမှူး ဦးရဲမင်းထွန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ညောင်ဦးမြို့ အမှတ်(၄)နယ်မြေ၊ သီရိပစ္စယာရပ်ကွက်ရှိ Zay Barနှင့် စားသောက်ဆိုင်လုပ်ငန်းခွင်သို့ သွားရောက်၍ မီးဘေးလုံခြုံရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် ညောင်ဦးမြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးရဲမင်းထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများလိုက်ပါ၍ ညောင်ဦးမြို့၊ အမှတ်(၄)နယ်မြေ၊ သီရိပစ္စယာရပ်ကွက်ရှိ Zay Barနှင့် စားသောက်ဆိုင်လုပ်ငန်းခွင်သို့ သွားရောက်၍ ဆိုင်တာဝန်ရှိသူနှင့် ဝန်ထမ်းများကို တွေ့ဆုံကာ မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် ကြိုတင်ဆောင်ရွက်ရမည့် မီးဘေးလုံခြုံရေးဆိုင်ရာများကို အကြံပြုဆွေးနွေးပြောကြားကာ ဆိုင်အတွင်း မီးဘေးလုံခြုံရေးဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဒုတိယမီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဆိုင်တာဝန်ရှိသူနှင့် ဝန်ထမ်းများကို မီးဘေးလုံခြုံရေးအတွက် ၁၉၁ Report Application အား မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုပုံနည်းစနစ်များနှင့် Fire Safety Certificate အား သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရယူဆောင်ရွက်သွားရန်တို့ကို ဖြည့်စွက်ပြောကြားပြီး မီးဘေးအန္တရာယ် တွေ့ကြုံပါက စနစ်တကျ မီးငြိမ်းသတ်နိုင်ရန် ရေစိုဝတ်ဖြင့် မီးငြိမ်းသတ်နည်း၊ ဖုံးအုပ်နည်းစနစ်ဖြင့် မီးငြိမ်းသတ်နည်း၊ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းများကို ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၄၄၅)

# မိသားစုတန်ဖိုးများ၏ အရေးပါမှုနှင့် ပြိုင်ဆိုင်မှုများသော လူ့အဖွဲ့အစည်း

ယနေ့ခေတ်လူအဖွဲ့အစည်းသည် လျင်မြန်စွာ ပြောင်းလဲနေပါသည်။ နည်းပညာတိုးတက်မှုနှင့် စီးပွားရေးယှဉ်ပြိုင်နိုင်စွမ်းကို ဦးစားပေးလျက်ရှိသော ခေတ်မီလူ့အဖွဲ့အစည်း ဖြစ်လာခဲ့ပါသည်။ အဆိုပါ အခင်းအကျင်းသည် မိသားစုစံနှုန်း၏ ပင်ကိုယ်တန်ဖိုးကို တဖြည်းဖြည်းလွှမ်းမိုးလာပါသည်။ မိသားစုတန်ဖိုးဆိုသည်မှာ သွေးသားတော်စပ်မှုသာမက အပြန်အလှန်နားလည်မှုနှင့် တန်ဖိုးထားမှုကသာ အခြေခံဖြစ်ပါသည်။ အဆိုပါ မိသားစုတန်ဖိုးသည် နည်းပညာတိုးတက်လာခြင်းနှင့် အလုပ်အကိုင်ဖိအားများခြင်းကြောင့် တဖြည်းဖြည်းနည်းသွားသည်ဟု သုံးသပ်မိပါသည်။

ယခင်အချိန်များက မိသားစုအတွင်း စိတ်ခံစားမှုဆိုင်ရာပံ့ပိုးမှု၊ ကိုယ့်ကျင့်တရားလမ်းညွှန်မှု၊ သနားကြင်နာမှု၊ အပြန်အလှန်ကူညီမှုနှင့် ယဉ်ကျေးမှုဆက်စပ်မှုတို့၏ တန်ဖိုးထားသောနေရာအဖြစ် မှတ်ယူခံစား စံစားနိုင်ခဲ့ကြပေသည်။ မြန်မာ့ယဉ်ကျေးမှုဓလေ့တွင် ပိုမိုပေါ်လွင်စေပါသည်။

ယခုအခါ မြို့ပြအသွင်ကူးပြောင်းမှုများ ဖြစ်ပေါ်လာခဲ့ပေသည်။ လူတစ်ဦးချင်းစီ၏ လွတ်လပ်မှုတန်ဖိုး၊ လုပ်ပိုင်ခွင့်များနှင့် ကိုယ်ပိုင်အကျိုးစီးပွားကို အလေးထားသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့၏ ဒဿနိကအမြင်ဖြစ်သော တစ်ဦးပုဂ္ဂလိကဝါဒ လွှမ်းမိုးလာ၏။ ၎င်းအပြင် ဒစ်ဂျစ်တယ်အထီးကျန်မှုတို့၏ ဖိအားများကြောင့် မိသားစုအဝန်းအဝိုင်းသည် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေကြရသည်။ မိသားစုတစ်ဦးချင်းစီသည် ကိုယ်ပိုင်ဖုန်းများနှင့် အင်တာနက်ပေါ်တွင် အချိန်ကုန်လွန်နေကြပေသည်။

လျင်မြန်သော အပြောင်းအလဲနှင့် စိန်ခေါ်မှုများရှိနေသော်လည်း မိသားစုတန်ဖိုးများကို ထိန်းသိမ်းခြင်းနှင့် အားဖြည့်ခြင်းတို့မရှိမဖြစ်လိုအပ်ကြောင်း အသိပေးလိုပါသည်။ သို့မှသာ တစ်ဦးချင်းကောင်းကျိုးချမ်းသာနှင့် လူ့အဖွဲ့အစည်း၏ ကိုယ်ကျင့်တရားကို ရှင်သန်ဖွံ့ဖြိုးနေကြမည်ဖြစ်ပါသည်။ ရှိပြီးသော မိသားစုယဉ်ကျေးမှုဓလေ့တို့ကို အမြတ်တနိုးရှိစေအပ်မည်ဖြစ်ပါသည်။

ခေတ်သစ်မိသားစုတို့၏ ဖွဲ့စည်းပုံသည် ပြောင်းလဲလာ၏။ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုသည် ရိုးရာမိသားစုဖွဲ့စည်းပုံကို သိသိသာသာပြောင်းလဲစေခဲ့သည်။ မိသားစုများသည် မျိုးဆက်အချင်းချင်း ဆက်သွယ်မှုလျော့နည်းလာကြသည်။ ယနေ့ခေတ်တွင် ပိုမိုသိသာထင်ရှားလာ၏။ တစ်ကိုယ်တည်းနေထိုင်နေသကဲ့သို့သော မိသားစုအိမ်ထောင်များကိုပင် ပိုမိုနေရာပေးလာကြပေသည်။ မိဘများသည် အလုပ်နှင့်သက်ဆိုင်သော ကတိကဝတ်များဖြင့် အလုပ်ရှုပ်နေကြသည်။ အချို့မှာ နေ့မနား၊ ညမအား ဖြစ်နေတတ်၏။ ကလေးများသည် ၎င်းတို့၏ အချိန်အများစုကို ဒစ်ဂျစ်တယ်မီဒီယာတွင် နစ်မြုပ်နေကြသည်။



ထို့ကြောင့် မိသားစုဝင်များသည် ရုပ်ပိုင်းဆိုင်ရာအရ အတူယှဉ်တွဲနေထိုင်လေ့ရှိသော်လည်း စိတ်ခံစားမှုအရ အဆက်အသွယ်ဖြတ်တောက်နေကြသကဲ့သို့ ဖြစ်နေ၏။ ဤကဲ့သို့သော မိသားစုဆက်ဆံရေးအပိုင်းအစများသည် အထီးကျန်မှု၊ စိတ်ခံစားမှု၊ မတည်ငြိမ်မှုနှင့် ငယ်ရွယ်သောမျိုးဆက်များကြားတွင် စာနာမှုလျော့နည်းလာခြင်းကဲ့သို့သော ပြဿနာများ ကြီးထွားလာနိုင်ကြောင်း လူမှုဗေဒဆိုင်ရာ လေ့လာမှုများအရ သိရှိရပါသည်။

မိသားစုတန်ဖိုးများ၏ ကိုယ်ကျင့်တရားနှင့် လူမှုရေးဆိုင်ရာ အခန်းကဏ္ဍကို လေ့လာပါက ချစ်ခြင်းမေတ္တာ၊ လေးစားမှု၊ တာဝန်ယူမှု၊ ကရုဏာတရားတို့ ပါဝင်သော မိသားစုတန်ဖိုးများသည် လည်ပတ်နေသော လူ့အဖွဲ့အစည်း၏ ကိုယ်ကျင့်တရားဆိုင်ရာ လမ်းညွှန်မှုပင်ဖြစ်ပါသည်။ ၎င်းတို့သည် တစ်ဦးချင်းအကျိုးစီးပွားကို ကျော်လွန်သော ပိုင်ဆိုင်မှုနှင့် တာဝန်ယူမှုဆိုင်ရာ ခံစားချက်ကို မြှင့်တင်ပေးပါသည်။

မိသားစုပတ်ဝန်းကျင်တွင် ကလေးများသည် ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ကျင့်ဝတ်ဆိုင်ရာ၊ အပြုအမူဆိုင်ရာ အခြေခံများကို ဦးစွာလေ့လာကြသည်။ နောက်ပိုင်းတွင် ယင်းတို့၏ လူမှုရေးပြုပြင်မှုနှင့် နိုင်ငံသားတာဝန်ယူမှုများကို ပုံဖော်ပြသည်။ ယင်းသည် ကလေး၊ လူငယ်တို့၏ သဘာဝအမှန်တရား၏ ဖြစ်စဉ်တစ်ခုဖြစ်ပါသည်။

ဤတန်ဖိုးများ ယိုယွင်းလာသောအခါ အထီးကျန်မှုနှင့် ကိုယ်ကျင့်တရားလျစ်လျူရှုမှုကဲ့သို့သော လူမှုရေးပြဿနာများ တိုးလာလေ့ရှိပါသည်။ ယနေ့လူမှုဝန်းကျင်တွင် အဆိုပါလူမှုရေးပြဿနာများအတွက် လူမှုဝန်းကျင်တွင်သာမက နိုင်ငံတော်အတွက်ပါ ဝန်ထုပ်ဝန်ပိုးဖြစ်လာစေပါသည်။

ထို့ကြောင့် မိသားစုတန်ဖိုးများသည် ကိုယ်ရေးကိုယ်တာ ဂုဏ်ရည်များသာမက လူမှုရေးသဟဇာတဖြစ်မှုနှင့် ရေရှည်တည်တံ့နေသော လူသားဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအုတ်မြစ်များဖြစ်ပါသည်။

ယနေ့ ဒစ်ဂျစ်တယ်ခေတ်တွင်လည်း မိသားစုနှောင်ကြိုးများကို ပြန်လည်ရှင်သန်စေနိုင်ပါသည်။ ဒစ်ဂျစ်တယ်နည်းပညာလည်း စိတ်ခံစားမှုဆိုင်ရာ ကွာဟချက်များကို ဖြစ်ပေါ်စေသော်လည်း ၎င်းကို အသိပညာဖြင့် အသုံးပြုလာသောအခါ မိသားစုနှောင်ကြိုးများကို ခိုင်မာစေရန်အတွက် အထောက်အကူဖြစ်စေနိုင်ပါသည်။

စွမ်းဆောင်မှု၊ ဆန်းသစ်တီထွင်မှုတို့ဖြင့် မြှင့်တင်ပေးနိုင်သော အစွမ်းထက်ကိရိယာများဖြစ်သည့် Virtual ဆက်သွယ်ရေးကိရိယာများသည် ကွဲကွာနေသောမိသားစုဝင်များအား ချိတ်ဆက်ပေးနိုင်ပါသည်။ သို့သော် အဆိုပါနည်းပညာ ချိတ်ဆက်မှုဖြင့် ရုပ်ပိုင်းဆိုင်ရာအရသော်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာ ရင်းနှီးမှုအရသော်လည်းကောင်း၊ အစားမထိုးသင့်ပါ။ လုံခြုံရေး၊ နည်းပညာဆိုင်ရာ စိန်ခေါ်မှုများနှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုများကို ထည့်သွင်းစဉ်းစားသင့်ပါသည်။ ယနေ့ခေတ်တွင် အထူးဂရုပြုအလေးထားသင့်ပါသည်။

မိသားစုများသည် အပြန်အလှန် နားလည်မှုကို အားဖြည့်ပေးရန်အတွက် အစားအသောက်ကဏ္ဍ၊ ဆွေးနွေးပြောဆိုမှုများ၊ ပူးပေါင်းဆုံးဖြတ်ချက်ချခြင်းကဲ့သို့သော မျှဝေလုပ်ဆောင်မှုအတွက် အကျိုးရှိသောအချိန်များကို ရည်ရွယ်ချက်ရှိစွာ ခွဲဝေပေးကြရမည်ဖြစ်သည်။

မိသားစုထမင်းဝိုင်းကဲ့သို့သော လူစုံတက်စုံစားသောက်လျက် စကားဝိုင်းဖွဲ့ခြင်းမျိုးသည် တန်ဖိုးအရှိဆုံးသော အကျိုးကျေးဇူးများကို ပေးဆောင်တတ်ပေသည်။ သားသမီးတို့သည် အဆိုပါအကျိုးကျေးဇူးများကြောင့် ဘဝအတွက် အကောင်းအမွန်ဆုံးသော အနှစ်သာရတို့ ရရှိခံစားနိုင်ကြပေသည်။

အတူစားပွဲထိုင်ခြင်း၊ စကားပြောခြင်း၊ အချိန်မျှဝေခြင်းတို့က မိသားစုအကြား စစ်မှန်သော ချစ်ခြင်းမေတ္တာကို ပံ့ပိုးပေးနိုင်ကြောင်း သတိပြုအပ်ပေသည်။

Myanmar Social Insight Center (MSIC)၏ လေ့လာတွေ့ရှိချက်အရ ရန်ကုန်မြို့ရှိ မိသားစု ၁၀၀၀ ခန့်အနက် ၆၅ ရာခိုင်နှုန်းခန့်က တစ်ပတ်အတွင်း ထမင်းဝိုင်းဖွဲ့၍ အတူစားဖူးခြင်းမရှိကြောင်း တွေ့ရှိရသည်ဟု သိရှိရပေသည်။

၎င်းအပြင် ၈၃ ရာခိုင်နှုန်းသည် မိသားစုဝင်များအကြား နည်းပညာသုံးသောအချိန်သည် တစ်နေ့လျှင် ၄နာရီကျော်ရှိကြောင်းနှင့် ၇၂ ရာခိုင်နှုန်းသည် မိသားစုအတွက် အချိန်ပေးမှုနည်းလာခြင်းကြောင့် စိတ်ဖိစီးမှုများရှိကြောင်း ၂၀၂၅ခုနှစ် လေ့လာတွေ့ရှိမှုတွင် ဖော်ပြထားကြောင်း သိရှိရပေသည်။

ရပ်ရွာအဖွဲ့အစည်းများ၊ ပညာရေးစနစ်များတွင် မိသားစုကျင့်ဝတ်ဆိုင်ရာ အသိပညာများကို ဘက်စုံလူမှုဖွံ့ဖြိုးတိုးတက်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပိုမိုမြှင့်တင်ပေးသင့်ပါသည်။ အဆိုပါကိစ္စရပ်ကို တာဝန်ရှိသူများသာမက ရပ်ရွာလူမှုအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများကပါ ဆောင်ရွက်သင့်ပါသည်။ မိမိတို့ရပ်ရွာအတွင်း ယဉ်ကျေးမှုဆက်စပ်သော လှုပ်ရှားမှုများကို စဉ်ဆက်မပြတ် ဖော်ထုတ်ခြင်းမျိုးကို ဥပမာပြလိုပါသည်။

သို့ဖြစ်ရာ ခေတ်သစ်စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရသောအခါ မိသားစုတန်ဖိုးများ၏ ရေရှည်အရေးပါမှုကိုချဲ့ကာ ပြောဆို၍မရပေ။ လူ့အဖွဲ့အစည်းများသည် ရုပ်ဝတ္ထုအရ တိုးတက်လာသည်နှင့်အမျှ မိသားစုအတွင်းမှ စတင်ပေါ်ပေါက်လာသော ကိုယ်ကျင့်တရားနှင့် စိတ်ခံစားမှုဆိုင်ရာ ရှုထောင့်များကိုလည်း ကာကွယ်ရပေမည်။

မိသားစုနှောင်ကြိုးများ၏ အစွမ်းသတ္တိကို လျစ်လျူရှုထားသော လူ့အဖွဲ့အစည်းသည် ၎င်း၏ ကျင့်ဝတ်ဆိုင်ရာ ညီညွတ်မှုနှင့် စုပေါင်းရည်ရွယ်ချက်ကို ဆုံးရှုံးနိုင်ခြေရှိပါသည်။ ထို့ကြောင့် မိသားစုတန်ဖိုးများ ပြန်လည်ရှင်သန်လာစေခြင်းသည်လည်း အတိတ်ကို လွမ်းဆွတ်ဖွယ်ရာ ပြန်လည်ရောက်ရှိလာစေခြင်းမဟုတ်ဘဲ လူသားမျိုးနွယ်နှင့် တိုးတက်မှုကို ဟန်ချက်ညီစေရန် သတိရှိရှိ အားထုတ်မှုတစ်ခုသာဖြစ်ပေသည်။

မိသားစုအတွင်း မေတ္တာ၊ ကရုဏာ၊ လေးစားမှုနှင့် တာဝန်ခွဲဝေမှုကို ထပ်လောင်းအတည်ပြုခြင်းဖြင့် ကျွန်ုပ်တို့သည် ပိုမိုတည်ငြိမ်စာနာ နားလည်မှုနှင့် ကိုယ်ကျင့်တရား၊ လူမှုကျင့်ဝတ်ဆိုင်ရာ အခြေခံအုတ်မြစ်ကို ချပေးနိုင်မည်သာဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ခေတ်ပြိုင်လူမှုအဖွဲ့အစည်းတွင် မိသားစုတန်ဖိုးများ ရှင်သန်နေစေဖို့ ဝိုင်းဝန်းမြှင့်တင်ကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။

**အောင်စိုး(လူမှုဝန်ထမ်း)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယုန်လေး

# လျှော်ဘောလင့် စာသင်ကျောင်းများနှင့် မူကြိုကျောင်းများအတွက် စာသင်ခုံ အစုံ ၂၅၀ ပေးအပ်



**ပျော်ဘွယ် ဖေဖော်ဝါရီ ၁၄**

ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၌ လျှော်ဘောအန္တရာယ်ခံစားခဲ့ရသည့် စာသင်ကျောင်းများနှင့် မူကြိုကျောင်းများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ ပေးပို့သည့် စာသင်စားပွဲ၊ ထိုင်ခုံများ ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအကာကာကိုးက နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍ၌ ပြည့်စုံမှုရှိစေရန် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းတည်ငြိမ်စွာပညာသင်ကြားခွင့်ရရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သင်ထောက်ကူပစ္စည်းများကိုလည်း အခါအားလျော်စွာ ပေးအပ်လျက်ရှိသလို ကောင်းမွန်စွာအသုံးချနိုင်ရန်လည်းလိုအပ်ကြောင်းတို့ကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ ပေးပို့သည့် စာသင်ခုံ အစုံ ၂၅၀ ကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ထပ်ဆင့်ပေးအပ်ရာ သက်ဆိုင်ရာကျောင်းအုပ် ဆရာ၊ ဆရာမများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**မင်းမင်းထွေး(ပျော်ဘွယ်)**

* — * — * — * — * — *

# ဆင်ပေါင်ဝဲမြို့၌ Book Club အသင်း စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ



**ဆင်ပေါင်ဝဲ ဖေဖော်ဝါရီ ၁၄**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်မြတ်နိုးသူများအသင်းပူးပေါင်း၍ Book Club အသင်း စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ဆင်ပေါင်ဝဲမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre)ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်လင်းက စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ စာဖတ်ရှုခြင်းဖြင့် ရရှိလာသော အသိပညာဗဟုသုတများကို စာဖတ်သူအချင်းချင်း အပြန်အလှန် ဆွေးနွေးနိုင်ရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် Book Club အဖွဲ့ဝင်များက စာရေးဆရာ မောင်သာချိုရေးသားထားသည့် 'ဆီမီးခွက်ကလေးတွေ' စာအုပ်တွင် ပါရှိသည့် အကြောင်းအရာများကို ဆွေးနွေးကြရာ Book Club အဖွဲ့ဝင် ဦးထက်မြတ်စိုးက 'သဘော်ဆိပ်ကို လိုက်ပို့မှာလား၊ တို့ကဘယ်နေရာမှာလဲ၊ အပြောကောင်းတဲ့ ကားဆရာ' ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသည့် စာပေချစ်သူများကလည်း ဆွေးနွေးမှုများအပေါ် သိရှိလိုသည်များအား အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

* — * — * — *

* — * — * — * — * — *

# အသက်(၂)နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံပေးခြင်းနှင့် ဗီတာမင်အေများ တိုက်ကျွေး

**ကျောက်ဆည် ဖေဖော်ဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် အသက်(၂)နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ဗီတာမင်အေဆေးများတိုက်ကျွေးခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက မင်းရပ် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ခရိုင်ပြည်သူ့ဆေးရုံကြီးနှင့် ရပ်ကွက်၊ ကျေးရွာများတွင် ဆေးထိုးစုရပ်များခွဲပြီး အပတ်စဉ်နေ့ရက်များသတ်မှတ်၍ ပုံမှန်ကာကွယ်ဆေးထိုးခြင်း၊ ဆေးတိုက်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ကာကွယ်ဆေးများကို သတ်မှတ်ထားသောအကြိမ်နှင့် သတ်မှတ်ထားသော အသက်အရွယ်တွင် ဆေးထိုး၊ ဆေးတိုက်ပေးနိုင်မှသာလျှင် ကလေးငယ်များအတွက် အဆုတ်ရောင်ကာကွယ်ဆေး၊ ငါးမျိုးစပ်၊ ဆုံဆို့နာရောဂါ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ မေးခိုင်ရောဂါ၊ အသည်းရောင်အသားဝါ(ဘီ)ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ ပြင်းထန်အဆုတ်ရောင်ရောဂါ၊ ပိုလီယိုအကြောသေရောဂါ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါတို့မှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကာကွယ်ဆေးထိုးနှံခြင်း၊ တိုက်ကျွေးခြင်းများကို မြို့နယ်အတွင်းရှိ အသက်(၂)နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးဝန်ထမ်း ဆရာမများကအဖွဲ့ခွဲ၍ မြေပြင်ကွင်းဆင်းကာ ရပ်ကွက်၊ ကျေးရွာများရှိ စုရပ်အသီးသီးတွင် ကာကွယ်ဆေးထိုးနှံခြင်း၊ တိုက်ကျွေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ဝဲပုံ)

**စုစုအေး(ကျောက်ဆည်)**





## ခရီးသွားအလှ ပြည်မြန်မာက

* မြောက်ဖျားဆီက ပူတာအို
ရေခဲတောင်များ ဆီးကာကြို
မေခ,မလိခ မြှာညီအစ်မ
မြစ်ဆုံမြင်ကွင်း လွမ်း သ - သ ။

* အရှေ့ဆီက မြစ်သံလွင်
ကျိုင်းတုံ၊ တာချီလိတ် ထိုတစ်ခွင်
ရေတံခွန်စိမ့်စမ်း ပေါ်ကြွယ်လှ
မီးပုံပွဲနဲ့ တောင်ကြီး --- က ။

* ဗန်းမော် ဇလုံတောင်
သွားရအောင် --- ။
ရှမောဓ၀ အေးငြိမ်းပ
အင်းတော်ရင်ပြင် ကျယ်ဝန်းလှ ။

* နီးဘုရားဖူးရယ် ကလောမယ်
တိမ်ပင်လယ်က ဖိတ်ခေါ်တယ်
ထင်းရှူးတန်းနဲ့ သံသရာတံတား
တူတူမြည်ယှဉ် ဘ၀,ရထား ။

* ညောင်ရွှေနယ်က အင်းလေးမယ်
ငှက်စင်ယော်နဲ့ ရေပြင်ကျယ်
ပန်းမြို့,တော်,တွင် တောင်လေ့ကား
ဥယျာဉ်လှနဲ့ ငှက်စုံကြွား ။

* မန်းရွှေမြို့,တော် ဘုရားကြီး
စစ်ကိုင်းတောင်နဲ့ ဧယျာခရီး
မြနန်းစံကျော် တန်ဖိုးကြီး
မြန်မာ့သမိုင်း ရှည်ကြာခရီး ။

* ပုပ္ပါးတောင်လှ နာမည်ကျော်
မိုးနည်းရပ်ဝန်း အိုအေစစ်ခေါ်
ပလိပ်နယ်က ရေပြင်အလှ
ငှက်မျိုးစုံက ပျော်လို့ဗျ ။

* တောင်ကိုဆင်းသော် မောင်းမကန်နော်
ရေကူးကြမယ် လှိုင်းတွေပေါ်
မြိတ်ကျွန်းစုက ဖိတ်ခေါ်ဗျ
ရေငုပ်ကြည့်မယ် ငါး,ပုစွန်အလှ
ကျောက်ခက်ကျောက်ပန်း စုံလို့ပ ။

* တို့ရဲ့ မြန်ပြည်အလှတည်
ရှမောဓ၀ ဝန်းကျင်ဆီ
မြစ်ပင်လယ်နဲ့ ရေကြည်မခန်း
ခရီးသွားမယ် ဖိတ်ခေါ်ကမ်း
ဖိတ်ခေါ်ကမ်း ။ ။

**ရေချမ်း-မန်း**

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အရှေ့ရပ်ကွက်၊ အကွက်(၄၃၀)နေ ဦးထွန်းမင်းဇော်(ဘ)ဦးစိုးတင့်(၉/မဟမ(နိုင်)၀၂၁၀၂၂)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထွန်းမင်းဇော်နှင့် ဒေါ်ဆက်ဝေအောင်(ဘ)ဦးထွန်းအောင်(၁၃/ကလန(နိုင်)၀၈၀၉၈၇)တို့သည် "နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်"ကို (၉-၂-၂၀၂၆)ရက်နေ့တွင် နှစ်ဦးသဘောတူ လက်မှတ်ရေးထိုး၍ တရားဝင် ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဦးထွန်းမင်းဇော်နှင့် ဒေါ်ဆက်ဝေအောင်တို့သည် ကွာရှင်းပြီးသည့်အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦး လူမှုရေး၊ စီးပွားရေးကိစ္စရပ်များ၊ အခြားမည်သည့်ကိစ္စရပ်များမဆို ပတ်သက်ဆက်နွယ်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးဆန်းဝေယံမင်းခန့် (LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၄၅၀)**

**အကွက်(၃၉၀)၊ သံ/နောက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၈၁၆၆၅၅**

## ကျွန်မ ဒေါ်ကြည်ကြည်ဝေ(၉/မနမ(နိုင်)၀၂၉၆၇၃)နှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

ကျွန်မ ဒေါ်ကြည်ကြည်ဝေ၏ အမျိုးသားမှတ်ပုံတင်ကတ်၊ နိုင်ငံသားကတ်၊ ပညာရေးဝန်ထမ်းကတ်၊ ၁၀တန်းအောင်လက်မှတ်၊ ဘွဲ့ရထောက်ခံစာ၊ အငြိမ်းစားလစာ ထုတ်ပေးခွင့်အမိန့်လွှာ စသည်တို့တွင် ဖခင်အမည်မှာ ဦးဘညွန့် သာဖြစ်ပါသည်။ ဦးကြည်မောင်၏ အိမ်ထောင်စုဇယားတွင် အိမ်ထောင်ဦးစီးဖြစ်သူ ဦးကြည်မောင်နှင့် တော်စပ်ပုံကို ဖော်ပြရာ၌ (သမီး)ဟု ဖော်ပြထားခြင်းမှာ မှားယွင်းဖော်ပြထားခြင်းသာဖြစ်ကြောင်း ကျွန်မ ဒေါ်ကြည်ကြည်ဝေ၏ ဖခင်မှာ ဦးဘညွန့် သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကြေညာသူ**
**ဒေါ်ကြည်ကြည်ဝေ**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃-က/နန်းတော်ရာ)၊ မြေကွက်အမှတ်(၁၀၃)၊ ဧရိယာ(၀ ဒသမ ၀၃၅)ဧက၊ အရှေ့-အနောက်(၃၀)ပေ၊ တောင်-မြောက်(၅၀)ပေ (မြေပြင်အရှိအတိုင်း) ဂရန်လျှောက်ထားခွင့်ရှိ မြို့မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ+မီး(ဆက်လက်သုံးစွဲခွင့်)အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့် အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလက်ရောက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့် အပြည့်အဝရှိသူဟု အဆိုပြုသူများဖြစ်ကြသော (၁) ဦးစိန်ရင်(ဘ)ဦးကျော်(၉/အမရ(နိုင်)၀၀၃၅၆၁)၊ (၂) ဒေါ်စောမြင့်(ဘ)ဦးအောင်ညွန့်(၉/အမရ(နိုင်)၀၀၃၅၆၂)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထားမှုရင်းများ၊ သက်ဆိုင်ရာတရားရုံးတို့၏ စီရင်ချက်၊ ဒီကရီများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်အိမွန်ကျော် (LL.B,D.I.R,D.B.L,P.G.D.E(Eng),WIPO)**

**တရားလွှတ်တော်ရှေ့နေ**

**အကွက်(၂၀၄)၊ ရန်ကင်းအောင်ရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဖုန်း ၀၉-၄၃၀၉၉၃၀၅**

## ကြော်ငြာစာ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန၊ မဟာအောင်မြေကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းရှိ အောက်ဖော်ပြပါ ဆိုင်ခန်းရှင်မှ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်ပျောက်၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါ၍ ကန့်ကွက်ရန်ရှိပါက သတင်းစာပါသည့်နေ့မှစ၍ (၂)ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အထိ ကန့်ကွက်သူမရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသူမှတ်ပုံတင်အမှတ် | ဆိုင်ခန်းအမည်ပေါက်သူအမည် | အဆောင်/အခန်း |
|---|---|---|---|---|
| (၁) | ဒေါ်ကျွန်းရီ | ၁၃/တယန(နိုင်)၀၂၄၃၃၆ | ဒေါ်ကျွန်းရီ | ၅၆/၄ |
| (၂) | ဦးကောင်းချိုင် | ၁၃/တယန(နိုင်)၀၁၄၄၀၀ | ဦးကောင်းချိုင် | ၅၇/၁၃ |

**အခွန်ဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ- ၂၄)၊ ဦးပိုင်အမှတ်(၁၇၈)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးသိန်းဝင်းအမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံအပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးစိုင်းခမ်းလိတ်(ဘ)ဦးမာနော(၁၃/တယန(နိုင်)၀၂၇၈၅၉)ထံမှ ကျွန်ုပ်အမှုသည်က အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီခဲ့သဖြင့် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်နှင်းဖြူအောင် (LL.M)**

**တရားလွှတ်တော်ရှေ့နေ**

**ရုံးခန်း ၆၅လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၈၁၁၀၂**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၅၈၈-ခ)၊ ပြည်ကြီးမင်္ဂလာကုန်တင်ယာဉ်ရပ်နားစခန်း အရှေ့ဘက်(၆၃)လမ်း အရှေ့ဘက်ခြမ်းရှိ အရှေ့-အနောက် (၆၆)ပေ၊ တောင်-မြောက်(၁၀၅)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးအောင်ဇေယျ(ခ)RAM CHANDA(ဘ)ဦးစွန်နား(၈/ခမန(ပြု)၀၀၀၀၄၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း (LL.B) | ဦးပြည့်ကိုကို (LL.B) | ဒေါ်မြင့်မြင့်အေး (LL.M) | ဒေါ်ချောစု (LL.B) | ဦးဝင်းမောင် (LL.B) |
|---|---|---|---|---|
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ–၁)၊ ၆၇လမ်း၊ ၃၁(အေ)လမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်၊ ၈၆လမ်းနှင့် ၈၇လမ်းကြား၊ ၃၂လမ်းတွင် နေထိုင်သော ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှိုင်လှိုင်ဦး(ခ)ရဲထွန်းမင်း(ဘ)ဦးစိုးမြင့်(၉/မနတ(နိုင်)၀၀၈၂၈၀)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှိုင်လှိုင်ဦး(ခ)ရဲထွန်းမင်း တည်ထောင်ဖွင့်လှစ်ထားသော The Shakespeare's International School ၏ ဆိုရှယ်မီဒီယာဖြစ်သော Facebook Page,TikTok,Telegram နှင့် အခြားဆိုရှယ်မီဒီယာများ စသည့်လူမှုကွန်ရက်များတွင် အထက်ပါကျောင်းနှင့် ပတ်သက်၍လည်းကောင်း၊ ၄င်း၏ အကျိုးစီးပွားအတွက် ကောင်းမွန်စွာ အသုံးပြုသုံးစွဲလျက်ရှိပါသည်။

ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာကိုသော်လည်းကောင်း၊ ကျောင်းနှင့်ပတ်သက်သည့် ဂုဏ်သိက္ခာကိုသော်လည်းကောင်း တမင်ကျဆင်းစေရန် Facebook Page,TikTok,Telegram နှင့် အခြားဆိုရှယ်မီဒီယာများ စသည့်လူမှုကွန်ရက်များတွင် စာသား၊ စကားရပ်များ၊ အပြောအဆိုများနှင့် ဓာတ်ပုံများကို လူမှုကွန်ရက်အသိုင်းအဝိုင်းများတွင် အမည်မှတ်ဖော်ပြထားခြင်း မရှိသော အကောင့်များဖြင့် ရေးသားဖော်ပြနေမှုများ ပြုလုပ်တွေ့ရှိပါက တည်ဆဲတရားဥပဒေများနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ–** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
|---|---|
| **ဦးလှိုင်လှိုင်ဦး(ခ)ရဲထွန်းမင်း** | **ဦးသျှိုင်းလင်းထက်(LL.B)** |
| **(၉/မနတ(နိုင်)၀၀၈၂၈၀)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၈၃၂)** |

| **ဒေါ်စင်မာဝေ(LL.B)** | **ဦးအောင်ကိုကိုထွန်း(LL.B)** |
|---|---|
| **အထက်တန်းရှေ့နေ(စဉ်–၅၆၈၅၈)** | **အထက်တန်းရှေ့နေ(စဉ်–၅၅၆၂၃)** |

**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၅၁၇၆၈၉၀၊ ၀၉-၉၆၈၀၀၀၀၁၅**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(cc-၅)၊ ဦးပိုင်အမှတ်(၁၂)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧကရှိ ဒေါ်ခင်မာကြူ အမည်ပေါက်ရှိ ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း(၁၅×၄၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိက အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့၍၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ SHINT LAN(ဘ)ဦးအိုက်စိုး(၅/ခတန(ပြု)၀၀၀၁၁၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်အေးအေးခိုင်(တရားလွှတ်တော်ရှေ့နေ)**

**အမှတ်(ဆ–၇/၈၅–က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား၊ (၁၀၉လမ်းမှဝင်ရမည်)၊**
**မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၁၀၇၆၀**

## ပျောက်ဆုံးကြောင်း

ဦးရန်အောင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁/မညန(နိုင်)၁၀၃၅၉၀)ကိုင်ဆောင်သူ၏ Passport No မမှတ်မိသည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဦးရန်အောင် ဖုန်း ၀၉-၄၀၃၇၆၃၄၇၉**

## ပျောက်ဆုံးကြောင်း

ဦးချစ်လင်းကို(ဘ)ဦးကျန် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၈/ပခက(နိုင်)၂၇၃၄၃၁)ကိုင်ဆောင်သူ၏ Passport No မမှတ်မိသည် ပျောက်ဆုံးနေပါသဖြင့် အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဦးချစ်လင်းကို ဖုန်း ၀၉-၉၅၁၂၁၄၈၆၈**

# အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါက်တာဌေးဌေးခိုင်အတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

(၄-၁-၂၀၂၆)လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ "အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ"ဘွဲ့တံဆိပ်တော်အား ဒေါက်တာဌေးဌေးခိုင် (မောရိယတိုင်းရင်းဆေး)မှ လက်ခံရရှိသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါသည်။

တာဝန်ခံကျောင်းအုပ်ကြီးနှင့် ဆရာမများ
အမှတ်-၄ အခြေခံပညာအထက်တန်းကျောင်း
အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။

# အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါက်တာဌေးဌေးခိုင်အတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

(၄-၁-၂၀၂၆)လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်မှချီးမြှင့်သည့် "အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ" ဘွဲ့တံဆိပ်တော်အား ထပ်မံဆွတ်ခူးရရှိသည့် မောရိယတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမိသားစုမှ သီရိသုဓမ္မသိင်္ဂီ ဒေါက်တာဌေးဌေးခိုင်(ယခင် အထက-၄ မိဘဆရာအသင်းဥက္ကဋ္ဌ)အတွက် များစွာဝမ်းမြောက်ဂုဏ်ယူမိပါသည်။

အထက-၄ မိဘဆရာအသင်း

# အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါက်တာဌေးဌေးခိုင်အတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

(၄-၁-၂၀၂၆)လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်မှချီးမြှင့်သော ဂုဏ်ထူးဆောင် "အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ"ဘွဲ့ထူးကို ထိုက်တန်စွာရရှိသည့်အတွက် မန္တလေး အထက-၄ ၏ ဂုဏ်ထူးဆောင် သီရိသုဓမ္မသိင်္ဂီ ဒေါက်တာဌေးဌေးခိုင်(မောရိယတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)အတွက် အထက-၄ ကျောင်းသူဟောင်းများမှ ဝမ်းမြောက်ဂုဏ်ယူစွာ မှတ်တမ်းတင်ပါသည်။

အထက-၄ ဆရာကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီ
ကျောင်းသူဟောင်းများ

❖ မိမိတို့နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒမှာလည်း ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒ၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံမှုရှိသည့် နိုင်ငံခြားရေးမူဝါဒကို ချမှတ်ထားပြီး အဆိုပါအချက်ပေါ်တွင် အလေးအနက်ထားစဉ်းစားပြီး ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေး၊ ဖက်ဒရယ်နိုင်ငံတည်ဆောက်ရေးများကို ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန်လို...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ပြုလုပ်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၁၀) နှစ်ပြည့်နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တိုင်းဒေသကြီး၊ ပြည်နယ် MSME အေဂျင်စီဥက္ကဋ္ဌများ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဦးစီးဌာနမှူးများနှင့် တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

တိုင်းဒေသကြီး၊ ပြည်နယ် MSME အေဂျင်စီဥက္ကဋ္ဌများနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရင်ပြင်ရှိ ကွပ်ကဲရေးရုံး၌ ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးသွင်အောင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် MSME အေဂျင်စီဥက္ကဋ္ဌများ တက်ရောက်သည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယခုကျင်းပသည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၏ အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်၍ နောင်ကျင်းပမည့် ပြပွဲ၊ ပြိုင်ပွဲများတွင် ပြင်ဆင်ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးအတွက် MSME များ ဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး၊ ပြည်နယ် MSME အေဂျင်စီဥက္ကဋ္ဌများက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ပါဝင်ခင်းကျင်းပြသရောင်းချနိုင်ရေး ဆောင်ရွက်ခဲ့မှု၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် MSME များ ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး၊ ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဦးစီးဌာနမှူးများနှင့် တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ကြီးလေးသည့် တာဝန်များကို ထမ်းဆောင်လျက်ရှိပြီး စွမ်းဆောင်ရည်မြင့်မားတိုးတက်စေရေး လေ့လာသင်ယူမှုများ စဉ်ဆက်မပြတ်ဆောင်ရွက်ကြရန်၊ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။**သတင်းစဉ်**




## စပိန်လာလီဂါပွဲစဉ် (၂၄)တွင် ဂီတာဖေးက ဗီလာရီးရဲလ်အား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ၊ ဆီဗီလာနှင့် အလာဗက်စ်တို့ တစ်ဖက်တစ်ဂိုးစီ သရေကျ

**မက်ဒရစ် ဇန်နဝါရီ ၁၀**

စပိန်လာလီဂါပွဲစဉ်(၂၄)တွင် ဂီတာဖေးအသင်းက ဗီလာရီးရဲလ်အသင်းကို အနိုင်ရရှိပြီး၊ ဆီဗီလာအသင်းနှင့် အလာဗက်စ်အသင်းတို့ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ယနေ့ မြန်မာစံတော်ချိန် ည ၉ နာရီ ၄၅ မိနစ်က ဂီတာဖေးအသင်းနှင့် ဗီလာရီးရဲလ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂီတာဖေးအသင်းက ဗီလာရီးရဲလ်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့်



အနိုင်ရရှိခဲ့သည်။

ဂီတာဖေးအသင်းအတွက် သွင်းဂိုး နှစ်ဂိုးကို ပွဲချိန် ၄၁ မိနစ်တွင် အာရမ်ဘာရီ၊ ပွဲချိန် ၅၃ မိနစ်တွင် ဆာထရီယာနိုတို့က အသီးသီးသွင်းယူပေးခဲ့ပြီး၊ ဗီလာရီးရဲလ်အသင်းအတွက် သွင်းဂိုး တစ်ဂိုးကိုမူ ပွဲချိန် ၇၆ မိနစ်တွင် မီကောတာဇီက သွင်းယူပေးခဲ့သည်။

ဆက်လက်၍ ဆီဗီလာအသင်းနှင့် အလာဗက်စ်အသင်းတို့ ပွဲစဉ်တွင်လည်း တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဆီဗီလာအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၄၂ မိနစ်တွင် ဂျီဘာရီဆိုးလ်က သွင်းယူပေးခဲ့ပြီး၊ အလာဗက်စ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုမူ ပွဲချိန် ၆၀ မိနစ်တွင် အန်တိုနီယိုမာတီနက်ဇ်က သွင်းယူပေးခဲ့သည်။

စပိန်လာလီဂါပွဲစဉ်(၂၄)ယှဉ်ပြိုင်ကစားအပြီးတွင် ဗီလာရီးရဲလ်အသင်းက ရမှတ် ၄၅မှတ်ဖြင့် အဆင့် ၄ နေရာ၊ ဂီတာဖေးအသင်းက ရမှတ် ၂၉ မှတ်ဖြင့် အဆင့် ၁၀ နေရာ၊ ဆီဗီလာအသင်းက ရမှတ် ၂၆မှတ်ဖြင့် အဆင့် ၁၂နေရာ၊ အလာဗက်စ်အသင်းက ရမှတ် ၂၆မှတ် ဂိုးကွာခြားချက်ဖြင့် အဆင့် ၁၃နေရာတွင် ရပ်တည်လျက်ရှိသည်။

(NGB)

0-0-0-0-0




## နည်းပြ အီဂေါ်တူဒေါ်အား နည်းပြသစ်အဖြစ် စပါးအသင်း ခန့်အပ်

**လန်ဒန် ဖေဖော်ဝါရီ ၁၄**

စပါးအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ အီဂေါ်တူဒေါ်အား ရာသီကုန်အထိ ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် နည်းပြဘဝတစ်လျှောက်တွင် လာဇီယို၊ ဂျူဗင်တပ်၊ ဂါလာတာစာရေး၊ မာဆေးလ်၊ ဗီရိုနာ စသည့်ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာအား ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် စပါးအသင်းက နည်းပြအဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

စပါးအသင်းကလည်း နည်းပြ အီဂေါ်တူဒေါ်သည် အသင်းအား ရလဒ်ကောင်းများ ရရှိအောင် စွမ်းဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ခြင်းကြောင့် နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ (NGB)